# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၂)ရက် ၊ အင်္ဂါနေ့ ၊ (7-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun ကို လက်ခံတွေ့ဆုံ



**နေပြည်တော်　　မတ်　　၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် **H.E. Mr. Deng Xijun** ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့်ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများပြန်လည်ကောင်းမွန်လာမှုနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်မြှင့်တင်နိုင်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုဖော်ဆောင်ရေးများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်**
**တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ**
**အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun တို့**
**ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**




ရတနာပုံ
၂၀၁၂ ခုနှစ် မတ် ၇ ရက်

အယ်ဒီတာ့အာဘော်

# အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး

အစားအစာဘေးအန္တရာယ်ကင်းရေးဆိုသည်မှာ ကူးစက်ရောဂါကာကွယ်ရန် အစားအစာများကို ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် စားသုံးသူများအတွက် အစားအစာ၏ အာဟာရဓာတ်အလုံအလောက်ကို ထိန်းသိမ်းထားနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် အစားအစာကိုဆိုလိုကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ စာတမ်းတွင် ဖော်ပြထားသည်။

အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ အစာအဆိပ်သင့်ခြင်းကို လေ့လာရာတွင် သန့်ရှင်းမှုမရှိဘဲ အစားအစာပြင်ဆင်ခြင်း၊ ကာလကြာရှည်စွာ ထိန်းသိမ်းထားသော၊ သက်တမ်းကုန်ဆုံးနေသော လတ်ဆတ်မှုမရှိသည့်အစားအစာများကို စားသုံးမိပါက ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ မူးဝေခြင်း စသည့်လက္ခဏာများခံစားရပြီး ပြင်းထန်ပါက အသက်အန္တရာယ်ကို ထိခိုက်နိုင်သည်။

အစာအဆိပ်သင့်ခြင်းသည် အစားအစာများတွင် အဆိပ်အတောက်ဖြစ်စေသည့် ညစ်ညမ်းနေသောအစားအစာများကို စားသောက်မိ၍လည်းကောင်း၊ အစားအစာများတွင် အစားအစာဓာတ်မတည့်မှုများ တုံ့ပြန်မှုများကြောင့်လည်းကောင်း အစာအဆိပ်သင့်ခြင်းဖြစ်ပွားရသည်။ ထို့ပြင် ဇီဝအန္တရာယ်ဆိုင်ရာ ဗက်တီးရီးယား စသည့်ပိုးမွှားများကြောင့်လည်းကောင်း၊ ဓာတုအန္တရာယ်ဆိုင်ရာ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပဋိဇီဝဆေးဝါး စသည့်ဓာတုပစ္စည်းများကြောင့်လည်းကောင်း အစာအဆိပ်သင့်ခြင်းဖြစ်ပွားရသည်။

အထက်ဖော်ပြပါ အန္တရာယ်ဖြစ်စေနိုင်သော အဆိပ်အတောက်များမှကာကွယ်နိုင်ရန် အစားအစာများကို စိုက်ပျိုးသည့်အချိန်မှစ၍ စားပွဲပေါ်ရောက်သည်အထိ ကောင်းမွန်စွာစိုက်ပျိုးသည့်နည်းလမ်း၊ GAP စနစ်ဖြင့် စိုက်ပျိုးသော၊ သဘာဝမြေသြဇာဖြင့် စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များကို စားသုံးကြရမည်ဖြစ်သည်။ ထို့ပြင် အစားအစာများကို ကောင်းမွန်စွာထိန်းသိမ်းသိုလှောင်သည့်နည်းလမ်းများနှင့် ပြည့်စုံမှသာ ကောင်းမွန်သော အရည်အသွေးပြည့်ဝသည့် အစားအစာများကို စားသုံးသူပြည်သူများ စားသုံးနိုင်မည်ဖြစ်သည်။

ကောင်းမွန်သောနည်းလမ်းများဖြင့် ထုတ်လုပ်ထားသော အစားအစာများကို စားသုံးသူပြည်သူများက ရွေးချယ်ဝယ်ယူစားသုံးခြင်းဖြင့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းသကဲ့သို့ စားသုံးသူများလည်း ဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်ပေသည်။ ကျန်းမာရေးအရကြည့်မည်ဆိုလျှင် အစာလည်းဆေး ဆေးလည်းအစာဖြစ်စေမည်ဖြစ်သည်။ ဆိုလိုသည်မှာ စားသုံးသူပြည်သူများ စားသုံးသည့်အစားအစာများတွင် ဓာတုပစ္စည်းပါဝင်မှုကင်းစင်သော အစားအစာများ၊ ပိုးမွှားကင်းစင်သော ဟင်းသီးဟင်းရွက်များကို ဆိုလိုခြင်းဖြစ်သည်။

သို့ဖြစ်ရာ စနစ်တကျထုတ်လုပ်ထားပြီး ကျန်းမာရေးနှင့်ညီညွတ်သော ဘေးအန္တရာယ်ကင်းရှင်းသည့်အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးနိုင်စေရေးအတွက် စားသုံးသူများကို အသိပညာပေးခြင်း၊ လှုံ့ဆော်ပေးခြင်းတို့ဖြင့် အစာအဆိပ်သင့်မှုမှ ကင်းဝေးစေပြီး အစားအစာဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားစီးပွားရေးလုပ်ငန်း ၄၅၀ ကို လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးမည်



**မန္တလေး မတ် ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အသေးစားစီးပွားရေးလုပ်ငန်း ၄၅၀ ကို လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

ထိုသို့ လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးမည့် လုပ်ငန်းအမျိုးအစားများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာ လုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာ ထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ အထွေထွေအသေးစားစက်မှုလက်မှုလုပ်ငန်း စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဘဏ္ဍာနှစ်အတွင်းမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင်တွေကို ထုတ်ပေးသွားမှာပါ။ ဘဏ္ဍာနှစ်အလိုက်လဲ ထုတ်ပေးနေတာပါ။ လာမဲ့ ဘဏ္ဍာနှစ်အတွင်းမှာတော့ လုပ်ငန်းမှတ်ပုံတင် ၄၅၀ ကို ထုတ်ပေးသွားမှာပါ။ တရားဝင်မှတ်ပုံတင်တွေ ရရှိပြီးတော့ မိမိတို့ထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်မှာပါ။ ပြည်တွင်းဈေးကွက်သာမကဘဲ ပြည်ပဈေးကွက်ကိုလဲ ထိုးဖောက်နိုင်အောင် ပြည်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးပြီး ချေးငွေတွေ၊ နည်းပညာတွေကို ဖလှယ်ရယူပြီး ဆောင်ရွက်ပေးမှာပါ။ ဒါ့ပြင် ဌာနမှာ မှတ်ပုံတင်ထားတဲ့ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန် လုပ်ငန်းတွေကို စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်ဖို့အတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ ထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်အောင် ဌာနက သင်တန်းပေးတာတွေ၊ သက်ဆိုင်ရာထုတ်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်ပေးတာတွေကို ပြုလုပ်ပေးသွားမှာပါ"ဟု ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း(ရွှေဝါ)များ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာ

**မန္တလေး မတ် ၆**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း(ရွှေဝါ) အမျိုးအစားများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့် ပဲတီစိမ်း(ရွှေဝါ) အမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲတီစိမ်း (ရွှေဝါ) အမျိုးအစားများကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်ကြောင်း သိရသည်။

"မန္တလေး ဈေးကွက်အတွင်း ဖေဖော်ဝါရီ ၂၇ ရက် ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၈၉၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၈၇၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၈၃၀၀၀ သာ ပေါက်ဈေးရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၄၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၂၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ဖေဖော်ဝါရီ ၂၇ ရက်ပေါက်ဈေးအရ ပဲတီစိမ်း (ရွှေဝါ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ သာ ရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲတီစိမ်း(ရွှေဝါ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၂၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# ရောဝတီမြစ်ရေလမ်းကြောင်း ရှိမ်းမကားကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များသတိပြုသွားလာရန်လိုဟုဆို

**မန္တလေး မတ် ၆**

ရောဝတီမြစ်ရေလမ်းကြောင်း ရှိမ်းမကားကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းမှု အနည်းငယ်ဖြစ်ပေါ်နေ၍ ရေယာဉ်များသတိပြုသွားလာရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် ရေကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရောဝတီမြစ်ရေလမ်းကြောင်း ဝက်လက်မြို့နယ် ရှိမ်းမကားကျေးရွာအနီးတွင် မတ်လ ပထမပတ်မှစ၍ ရေလမ်းကြောင်းပြောင်းလဲမှု စတင်ဖြစ်ပေါ်ကာ ရေကြောင်းကျပ်တည်းမှု အနည်းငယ်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော ရှိမ်းမကားကျေးရွာအနီးတစ်ဝိုက်မှာ ရေလမ်းကြောင်းကျပ်တည်းမှု စတင်ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ရေယာဉ်တွေ သောင်တင်မှုမဖြစ်ပေါ်စေဖို့ အထူးသတိပြုသွားလာကြဖို့ လိုအပ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ရောဝတီမြစ်ရေလမ်းကြောင်း ရှိမ်းမကားကျေးရွာအနီးတစ်ဝိုက်တွင် သောင်ထွန်းမှုများ ဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် မန္တလေးဆိပ်ကမ်းမှ ရှိမ်းမကားကျေးရွာအနီး ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘောများအနေဖြင့် အန္တရာယ်ကင်းရှင်းစေရန် ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများနှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချောက်မြို့နယ် ဖက်သန်းတော-ဂွေးပင်ကြီးလမ်းတွင် ကွန်ကရစ်ရေကျော်တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ချောက် မတ် ၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဂွေးပင်ကြီးကျေးရွာအုပ်စုနှင့် လင်းတကိုင်းကျေးရွာအုပ်စု ချင်းဆက်သွယ်ထားရှိသော ဖက်သန်းတော-ဂွေးပင်ကြီးလမ်းတွင် ကွန်ကရစ်ရေကျော် တည်ဆောက်ပြီးစီးမှုကို မတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၆၇၀ သန်းဖြင့် ဖက်သန်းတော-ဂွေးပင်ကြီးလမ်းတွင် ကွန်ကရစ်ရေကျော် တည်ဆောက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးပြီး ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်က ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် အန္တရာယ်သတိပေး လမ်းညွှန်ဆိုင်းဘုတ်ကို အချိန်မီ စိုက်ထူရန် မှာကြားသည်။

ချောက်မြို့နယ် ဖက်သန်းတော-ဂွေးပင်ကြီးလမ်း၌ အရှည်ပေ ၁၀၀၊ အကျယ် ၁၉ ပေ၊ အမြင့် ကိုးလက်မရှိ ရေကျော်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို တမာတံခွန်ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဖက်သန်းတော-ဂွေးပင်ကြီးလမ်းတစ်လျှောက်ရှိ ကျေးရွာခြောက်ရွာမှ အိမ်ခြေ ၆၄၁ အိမ်၊ လူ ၃၀၁၅ ဦးတို့ အဆင်ပြေလွယ်ကူစွာဖြင့် သွားလာနိုင်မည့်အပြင် ဒေသထွက်ကုန်များကို စရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**နှံ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါက်တာလုကြွယ်-သီရိသုမဇ္ဇသီဂီ ဒေါ်အေးအေးအောင် (အောင်ဝင့်ထည်စီးပွားရေးလုပ်ငန်းစုနှင့် A.K.M သောက်ရေသန့်)မိသားစုက ဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ စိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုဟ်ဦးမြဝင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ လှူမှုရေးဆပ်ကော်မတီနှင့် ဆွမ်းကွမ်းကော်မတီ တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ရောဝတီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် တန်ချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပုသိမ် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်းသုံးမျိုးကို ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် တန်ချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်း ဈေးကွက်ရှာဖွေရေးတာဝန်ခံ ဦးသက်နိုင်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဒေသထွက် ငါးတန်၊ ငါးမုတ်၊ ငါးရှဉ့် ရေထွက်ကုန်ပစ္စည်း သုံးမျိုးကို ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက တန်ချိန် ၅၇၀၀၀ ထိသာတင်ပို့ရောင်းချခဲ့ရကြောင်း၊ ဖေဖော်ဝါရီလတွင် အဆိုပါရေထွက်ကုန်ပစ္စည်း သုံးမျိုးကို တန်ချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ရေထွက်ကုန်တွေကို ပုသိမ်မြို့ကနေ ရန်ကုန်မြို့ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ရေထွက်ကုန်ပစ္စည်းသုံးမျိုးကတော့ ငါးမုတ်၊ ငါးတန်၊ ငါးရှဉ့်တွေဖြစ်ပါတယ်။ ဇန်နဝါရီလကထက် ဖေဖော်ဝါရီလမှာ တန်ချိန် တော်တော်များများ ပိုမိုတင်ပို့ရောင်းချထားရတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပဈေးကွက်ကို မတင်ပို့နိုင်ခဲ့ရာကနေ အခုလက်ရှိ ပြည်ပဈေးကွက်ပြန်ပွင့်လာလို့ အခုလို ရေထွက်ကုန်တွေ အဝယ်လိုက်နေတာပါ"ဟု ဦးသက်နိုင်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူ၍ အမျိုးအစားခွဲသန့်စင်စစ်ဆေးပြီး ရန်ကုန်ဈေးကွက်ကို ကုန်တင်ကားများဖြင့် အများဆုံးတင်ပို့ရောင်းချနေကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း သိရသည်။

အဆိုပါ တင်ပို့ရောင်းချနေသည့် ရေထွက်ကုန်ပစ္စည်းသုံးမျိုး၏ ပေါက်ဈေးနှုန်းများမှာ ငါးတန် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၊ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀၊ ငါးရှဉ့် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိဈေးပေါက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နတ်စဉ်ကုန်းကျေးရွာအုပ်စု ကံသစ်ကြီးကျေးရွာ၌ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကံသစ်ကြီးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၄၃ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# လင်းခေးမြို့နယ် မအွန်လောင်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**လင်းခေး မတ် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအွန်လောင်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို မတ် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်နှင့် တာဝန်ရှိသူများက မအွန်လောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်တွင် ရေပြွန်နှစ်စင်း ဆောင်ရွက်ခြင်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က လမ်းရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မအွန်လောင်းကျေးရွာ ကုန်ထုတ်လမ်း အရှည်တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်တွင် ရေပြွန်နှစ်စင်း ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု(ဆီထွက်)ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၅၇၈ သန်းဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိအိမ်ခြေ ၁၂၆ အိမ်၊ လူဦးရေ ၆၀၀ ကျော်တို့၏ လယ်ယာမြေဧက ၂၇၀မှထွက်ရှိသည့် လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီလွယ်ကူစွာ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**



# လျှင်၏သဘောသဘာဝ (အပိုင်း-၂)

ပါမောက္ခကိုကိုအောင်



လျှင်လှုပ်မည့်အရေးကို လူတို့က ကြိုတင်မသိရှိနိုင်၊ မခန့်မှန်းနိုင်ကြသေးသော်လည်း တိရစ္ဆာန်မျိုးစိတ်တချို့က အာရုံခံစား၍ ကြိုတင်သိရှိနိုင်သည်ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ လျှင်မလှုပ်မီ ထောင်နှင့်ချီသောဖားများ လမ်းပေါ်သို့ တက်ရောက်လာခဲ့ကြသလို တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ လျှင်မလှုပ်မီ ရာပေါင်းများစွာသော မြွေများမြေပြင်ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းများကို ကြုံတွေ့ခဲ့ကြရသည်။

လျှင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာ လှုပ်ရှားမှုများကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များ အပြောင်းအလဲဖြစ်သည့်အပေါ် တိရစ္ဆာန်တချို့က အာရုံခံသိရှိနိုင်ကြသည်ဟု သုတေသီတချို့က ယုံကြည်ခဲ့ကြသည်။ လျှင်လှုပ်ရန် နာရီပိုင်းခန့်အလို၌ နွားများ ဂနာမငြိမ်ဖြစ်လာခြင်း၊ ခွေးများအုပ်စုလိုက်အူခြင်း၊ ငှက်များ အသိုက်ပြောင်းရွှေ့ခြင်း၊ စင်ရော်ငှက်များ ရေပြင်ပေါ်၌ ပျံသန်းနေရာမှ ကုန်းပေါ်သို့အုပ်စုလိုက်ဦးတည်ပျံသန်းခြင်း၊ မိကျောင်းများ ခေါင်းထောင်လာခြင်း၊ ဝက်များ ဆောက်တည်ရာမရဘဲ အော်မြည်ပြေးလွှားခြင်း စသော ထူးခြားသည့်အပြုအမူများသည် အချို့သောလျှင်များနှင့်တိုက်ဆိုင်ခဲ့သည်ကို သုတေသီတချို့က သတိပြုမိခဲ့ကြသည်။

သို့ရာတွင် တိရစ္ဆာန်တချို့၏ ထူးခြားသော အပြုအမူများသည် လျှင်လှုပ်တော့မည့် ရှေ့ပြေးနိမိတ်များဖြစ်သည်ဆိုသော ခိုင်လုံတိကျသည့် ထုတ်ပြန်ချက်မျိုးကို လုပ်ဆောင်နိုင်ခြင်းမရှိကြသေးပေ။ အဘယ်ကြောင့်ဆိုသော် သုတေသနပြုစမ်းသပ်ချက် အကြိမ်ပေါင်းများစွာတွင် အနည်းစုကသာ တိုက်ဆိုင်မှန်ကန်ပြီး အများစုကမူ လျှင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှုမရှိကြသောကြောင့်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့် စမ်းသပ်သည့် သုတေသနကဲ့သို့သော စမ်းသပ်ချက်အများအပြားက ထိုယူဆချက်များ မှန်ကန်ခြင်းမရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်။

လျှင်လှုပ်မည့်အရေးကို တိကျစွာကြိုတင်ခန့်မှန်းခြင်းမပြုနိုင်သေးသည့်အတွက် လျှင်ကြောပေါ်၌ ကျရောက်နေသည့် မြို့ရွာများနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် လျှင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးသက်သာအောင် ကြိုကြိုတင်တင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည်။

လျှင်ဘေးအန္တရာယ်ကို ကြိုတင်တွေးဆပြီး ပူပင်သောကပွားနေကြရန် မလိုအပ်သော်လည်း လျှပ်တစ်ပြက်ရန်သူနှင့်တူသော လျှင်ဘေးကိုမူ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆမနေသင့်ကြပေ။ အထူးသဖြင့် လျှင်လှုပ်ခဲ့ဖူးသော မြို့ရွာဒေသများ၊ လျှင်လှုပ်ခဲ့ဖူးခြင်း မရှိသည့်တိုင် လျှင်ကြောအတွင်း ကျရောက်နေသည့် မြို့ရွာဒေသများသည် လျှင်အန္တရာယ်ကို ကြုံတွေ့ကြရနိုင်သော နေရာများပင်ဖြစ်ကြသည်။

ခိုင်လုံသော အထောက်အထားများအရ မြန်မာနိုင်ငံ၏ သမိုင်းတွင် အများဆုံးကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်မှာ လျှင်ဖြစ်သည်ကို သိရှိထားကြရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ သဘာဝအတားအဆီးများသည် အခြားသော သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်ခဲ့သည့်တိုင် လျှင်၏ ထိုးနှက်မှုများကိုမူ ခါးစည်းခံခဲ့ကြရကြောင်း အတိတ်ဖြစ်ရပ်များစွာတို့က သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လှုပ်ခဲ့ဖူးသော မြေလျှင်ပေါင်းများစွာတို့သည် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသားအားလုံးတို့ကို မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆ မနေကြရန် သတိပေးထောက်ပြလျက်ရှိနေကြသည်။

မြန်မာနိုင်ငံတွင် လှုပ်ခဲ့သော လျှင်အကြိမ်ရေများစွာအနက် ထူးထူးခြားခြား ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည့် လျှင်တချို့ကို လေ့လာသုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။ ၁၇၆၂ ခုနှစ် ဧပြီ ၂ ရက်က ရခိုင်ပြည်နယ်၌ လှုပ်ခဲ့သော မာကယ်လီစကေး အဆင့်(၉)ရှိသည့် လျှင်ကြီးသည် ရခိုင်ကမ်းခြေကုန်းမြေအစိတ်အပိုင်းတချို့ကို ပင်လယ်ရေအောက်သို့ ရောက်ရှိသွားစေခဲ့သည်။

၁၈၃၉ ခုနှစ် မတ် ၂၃ ရက်က အင်းဝ၌ လှုပ်ခတ်ခဲ့သော မာကယ်လီစကေးအဆင့်(၉)ရှိ လျှင်ကြီးသည် လူပေါင်း ၃၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ အမရပူရတစ်မြို့လုံးကို ပျက်သုဉ်းစေခဲ့ပြီး ဧရာဝတီမြစ်ရေကိုပင် ခေတ္တခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့သည်။ ၁၈၅၈ ခုနှစ် ဩဂုတ် ၂၄ ရက်က ပြည်မြို့၌ လှုပ်ခဲ့သည့် မာကယ်လီစကေးအဆင့်(၈)ရှိသည့် လျှင်ကြီးသည် အဆောက်အအုံများစွာကို ဖျက်ဆီးခဲ့ပြီး စေတီတော်တချို့ကို မြေခစေခဲ့သည်။ ဧရာဝတီမြစ်ရေကို ခေတ္တခဏမျှ ပြောင်းပြန်စီးဆင်းစေခဲ့ပြီး မြစ်အောက်ကြမ်းပြင်များကိုလည်း အပေါ်သို့ကြွတက်လာစေခဲ့သည်။

၁၉၃၀ ပြည့်နှစ် မေ ၅ ရက်က ပဲခူးမြို့၌ လှုပ်ခဲ့သော မာကယ်လီစကေးအဆင့်(၁၀)ရှိသည့် လျှင်ကြီးသည် ပဲခူးတစ်မြို့လုံးကို သုသာန်တစပြင်ကဲ့သို့ ဖြစ်ပွားစေခဲ့သည်။ အဆောက်အအုံ အားလုံးနီးပါးကို ပြိုကျစေခဲ့ပြီး လူဦးရေ ၅၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးစေတီတော်မြတ်ဖြစ်သည့် ရွှေမော်ဓောစေတီတော်ကို ပြိုကျစေခဲ့ပြီး စိန်ဖူးတော်ကို မြေခစေခဲ့သည်။

၁၉၃၂ ခုနှစ် မေ ၂၃ ရက်က ပြင်ဦးလွင်၌ လှုပ်ခဲ့သော လျှင်ကြီးသည် ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်ကြားရှိ တောင်အများအပြားကို ပြိုကျသွားစေခဲ့သည်။ ထိုအင်အားပြင်းလျှင်ကြီးသည် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မိတ္ထီလာ၊ မကွေး စသောမြို့များကိုပါ တုန်ခါသွားစေခဲ့သလို ထိုင်းနိုင်ငံ မြောက်ပိုင်းထိပင် တုန်ခါမှုများကို သက်ရောက်သွားစေခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဩဂုတ် ၂၃ ရက်က ပူတာအိုၚ် လှုပ်ခဲ့သော လျှင်ကြီးသည် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတို့ကို တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းသွားစေခဲ့သည်။ ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်က စစ်ကိုင်း၌လှုပ်ခဲ့သော မာကယ်လီစကေးအဆင့်(၉)ရှိသည့် လျှင်ကြီးသည် မန္တလေးမြို့ပေါ်ရှိ အဆောက်အအုံဟောင်းများကို ပြိုကျစေခဲ့ပြီး လူဦးရေ ၅၀ ခန့်ကို အသက်ဆုံးရှုံးသွားစေခဲ့သည်။ အဆိုပါ အင်အားပြင်းလျှင်ကြီးသည် စစ်ကိုင်းတံတားကြီးကိုပါ နေရာအနည်းငယ်ရွေ့သွားစေခဲ့သည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့၌ လှုပ်ခဲ့သည့် မာကယ်လီစကေးအဆင့်(၇)ခန့်ရှိ လျှင်သည် တိုက်တာအဆောက်အအုံ ၆၀ ကျော်ကို ကွဲအက်သွားစေပြီး လူ လေးဦးကို ဒဏ်ရာရရှိစေခဲ့သည်။ ကမ္ဘာ့အထင်ရှားဆုံးစေတီတော်မြတ်ဖြစ်သည့် ရွှေတိဂုံစေတီ၏ စိန်ဖူးတော်ကိုပါ ယိုင်နဲ့သွားစေခဲ့သည်။ လူအသေအပျောက်မရှိသော်လည်း ထူးခြားသည့်အချက်မှာ ထိုလျှင်မတိုင်မီ အကြိုလျှင်ငယ်များနှင့် နောက်ဆက်တွဲလျှင်ငယ်များ အကြိမ်ရေများစွာ လှုပ်ခဲ့ခြင်းပင်ဖြစ်သည်။

**❖ လျှင်လှုပ်မည့်အရေးကို တိကျစွာကြိုတင်ခန့်မှန်းခြင်းမပြုနိုင်သေးသည့်အတွက် လျှင်ကြောပေါ်၌ ကျရောက်နေသည့် မြို့ရွာများနှင့်အနီးပတ်ဝန်းကျင်ဒေသများတွင် လျှင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးသက်သာအောင် ကြိုကြိုတင်တင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လျှင်ဘေးအန္တရာယ်ကို ကြိုတင်တွေးဆပြီးပူပင်သောကပွားနေကြရန် မလိုအပ်သော်လည်း လျှပ်တစ်ပြက်ရန်သူနှင့်တူသော လျှင်ဘေးကိုမူ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆ မနေသင့်ကြပေ။ ❖**

၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်က ပုဂံ-ညောင်ဦးဒေသ၌ လှုပ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည့် လျှင်သည် လူနှစ်ဦးမျှကိုသာ အသက်ဆုံးရှုံးစေခဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်သည့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် စေတီပုထိုးများကို မြေခစေခဲ့သည့်အတွက် ကမ္ဘာကျော်လူသိများသော လျှင်တစ်ခုဖြစ်ခဲ့သည်။ အဆိုပါလျှင်သည် ဧရာဝတီမြစ်ရေစီးဆင်းနေမှုကို ခေတ္တတုံ့ဆိုင်းသွားစေခဲ့ပြီး မင်းဘူး ရွှံ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းမကြီးကို နှစ်ပေခန့် မြင့်တက်သွားစေခဲ့သည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ အကြိမ်ပေါင်းများစွာ လှုပ်ခဲ့သော လျှင်များကြောင့် လျှင်ဇုန်ရပ်ဝန်းများလည်း အများအပြားပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အထက်ပိုင်း၌ရှိသော အထက်မြန်မာပြည် လျှင်ဇုန်ရပ်ဝန်း၊ စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အောက်ပိုင်း၌ရှိသော အောက်မြန်မာပြည် လျှင်ဇုန်ရပ်ဝန်း၊ အရှေ့မြောက်ဒေသ လျှင်ဇုန်ရပ်ဝန်း၊ အန်ဒမန်ပင်လယ်ပြင် လျှင်ဇုန်ရပ်ဝန်း စသည်ဖြင့် ဖြစ်ပေါ်လာခဲ့ပြီး လျှင်ဇုန်ရပ်ဝန်းတစ်ခုချင်းစီ၏ အတွင်း၌ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ဒေသအများအပြား ပါဝင်လျက်ရှိနေကြသည်။

လျှင်သည် ရှောင်လွှဲ၍မရနိုင်သော သဘာဝဘေးဆိုးကြီးတစ်ခုဖြစ်သည့်အတွက် လျှင်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်အသွယ်သွယ်တို့ကို အတတ်နိုင်ဆုံး လျော့ပါးသက်သာအောင် ကြိုတင်စီမံဆောင်ရွက်ကြရမည်သာဖြစ်သည်။ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော အရည်အသွေးနိမ့် အဆောက်အအုံများနှင့် တံတားများ၊ ဓာတ်ပြိုပေါက်ကွဲစေနိုင်သော ဓာတုပစ္စည်းသိုလှောင်ရုံများ၊ ဓာတ်ဆီဆိုင်များ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ၊ စနစ်တကျဆောက်လုပ်တပ်ဆင်ထားခြင်း မရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများ စသည်တို့သည် လျှင်ဘေးနှင့် ကြုံတွေ့ရသည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေနိုင်သောအရာများဖြစ်ကြသည်။

သို့ဖြစ်၍ အင်အားပြင်း လျှင်များ၏ဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသော အဆောက်အအုံများကို ခေတ်သစ်နည်းပညာများဖြင့် ဆောက်လုပ်နေထိုင်ခြင်း၊ ဓာတ်ဆီဆိုင်နှင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို လူနေအိမ်များနှင့် အလှမ်းဝေးရာ၌သာ ဖွင့်လှစ်ရောင်းချစေခြင်း၊ ဓာတုပစ္စည်းသိုလှောင်ရုံများကို လူနေရပ်ကွက်နှင့် ဝေးရာ၌သာထားရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် ထရန်စဖော်မာများ စသည်တို့ကို လျှင်ဒဏ်ခံနိုင်အောင် စနစ်တကျတွက်ချက်တည်ဆောက်တပ်ဆင်ထားခြင်း၊ လျှင်ဘေးကျရောက်သည့်အခါ လုပ်ဆောင်ရမည့် နည်းလမ်းများကို အများသူငါတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုတင်နှိုးဆော်သတိပေးထားခြင်း၊ လျှင်၏သဘောသဘာဝများကို ကောင်းစွာသိရှိအောင် ပညာပေးပို့ချခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်တန်းပေးထားခြင်း စသည်တို့သည် လျှင်ဘေးကြုံရသည့်အခါ ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးရမှုများကို များစွာ လျှော့ချပေးနိုင်မည့် နည်းလမ်းကောင်းများပင် ဖြစ်ကြပေသည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စားပွယ်စုံလင် ကျေးလက်တစ်ခွင်

- မြစ်ဇရာ ကမ်းနံဘေးက
အေးချမ်းလှ တို့တောရွာ၊
စိုက်ခင်းပြင် လယ်ကွင်းစိမ်းနဲ့
ငြိမ်းချမ်းသာယာ၊
ဟိုးအဝေးက ပန်းမာလာ
ရနံ့ဖြာ စိတ်ပျော်မြူး၊
ထုံးစေတီ ရင်ပြင်ဦးမှာ
ဖူးကြကြည်နူး။

- ကိုင်းသောင်ပြင် ကမ်းနဖူး
စိုက်ကာဦး သီးနှံစုံ၊
ပဲမျိုးစုံ ဘူး သခွားနဲ့
များပြားဖရုံ၊
ကန်စွန်း ဆလတ် ဂေါ်ဖီအစုံ
ချဉ်ပေါင်ပုံ ငရုတ် မုန်ညင်း၊
ဟင်းရွက်စုံ အကုန်ပေါတဲ့
တောကစိုက်ခင်း။

- တောတောင်က ညွန့်အကင်း
ရောယှက်ဟင်း စားစရာ၊
ငါးပုစွန် လယ်ကဏန်းနဲ့
ဝမ်းကဆာဆာ၊
ငါးပိရည် တို့စရာ
ငရုတ်ပါ ရနံ့မွှေး၊
တို့တောရွာ သဘာဝဟင်းမို့
ထမင်းမြိန်သေး။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

## ကယားပြည်နယ်တွင် ဖေဖော်ဝါရီလအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခု လုပ်ကိုင်ခွင့်ပြုပေးခဲ့

**လွိုင်ကော် မတ် ၆**

ကယားပြည်နယ်တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ်သန်း ၆၈၀ တန်ဖိုးရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် တစ်ခုကို လုပ်ကိုင်ခွင့်ပြုပေးခဲ့ကြောင်း ကယားပြည်နယ် အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီက ပြောပြ၍ သိရသည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခု၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏသည် ငွေကျပ်သန်း ၆၈၀ ရှိပြီး အဆိုပါလုပ်ငန်းတွင် ပြည်တွင်းလုပ်သားဦးရေ ၇၀ အလုပ်အကိုင်ရရှိမည်ဖြစ်ကာ လုပ်ငန်းအမျိုးအစားမှာ ပြောင်းအခြောက်ခံ သန့်စင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဖေဖော်ဝါရီလတတိယပတ်အတွင်းမှာကျင်းပခဲ့တဲ့ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး(၂/၂၀၂၃)ကနေ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခုကို ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ လုပ်ငန်းအမျိုးအစားကတော့ ပြောင်းအခြောက်ခံ သန့်စင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဖြစ်ပါတယ်"ဟု ဦးညီညီက ပြောပြသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ ခွင့်ပြုခြင်း အပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်းတို့လည်းရှိခဲ့ပြီး ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ပြည်နယ်အတွင်းအလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ASH



## မြန်အောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ၄၀၀ ပို့ဗာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြန်အောင် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အညာစုကျေးရွာနှင့် ဥယျာဉ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့ဗာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုကို မတ် ၅ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက အညာစုကျေးရွာနှင့် ဥယျာဉ်တန်းကျေးရွာ၌ ၄၀၀ ဗို့ဗာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် အညာစုကျေးရွာနှင့် ဥယျာဉ်တန်းကျေးရွာ၌ ၄၀၀ ဗို့ဗာတ်အားလိုင်းအရှည် ၃၅၈၇ ပေ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၈ ဒသမ ၀၇ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၅၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

## တန့်ယန်းမြို့နယ် နမ့်ပွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း မတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးလွယ်ကာကျေးရွာအုပ်စု နမ့်ပွန်းကျေးရွာနှင့် လုံယန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက် ၁၀ နာရီက နမ့်ပွန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက နမ့်ပွန်းကျေးရွာနှင့် လုံယန်းကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၈ ဦးကို ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယအပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံအတွက် ဗီဇာရယူမှုစည်းမျဉ်းများ ရုရှားနိုင်ငံက ဖြေလျှော့ပေးသွားမည်



**မော်စကို မတ် ၆**

အိန္ဒိယ၊ ဆီးရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့အပါအဝင်နိုင်ငံပေါင်း ခြောက်နိုင်ငံအတွက် ပြည်ဝင်ခွင့် ဗီဇာရယူမှု လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို ရုရှားနိုင်ငံက ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မတ် ၅ ရက်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံအပြင် အင်ဂိုလာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဆီးရီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့အတွက် ဗီဇာရယူမှုစည်းမျဉ်းများ ဖြေလျှော့ပေးရန် မိမိတို့ဆောင်ရွက်နေကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အက်ဗ်ဂျင်နီအိုင်ဗာနော့ဗ်က ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံသည် နိုင်ငံပေါင်း ၁၁ နိုင်ငံနှင့် ဗီဇာမဲ့ခရီးစဉ်များဆိုင်ရာ သဘောတူညီချက်များ ရယူရန်လည်း ပြင်ဆင်နေကြောင်း သိရသည်။

အဆိုပါနိုင်ငံများထဲတွင် ဆော်ဒီအာရေဗျ၊ ဘာဘေးဒိုးစ်၊ ဟေတီ၊ ဇမ်ဘီယာ၊ ကူဝိတ်၊ မလေးရှား၊ မက္ကဆီကိုနှင့် ထရီနီဒက်တို့လည်း ပါဝင်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ အာဖရိကနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားခဲ့သည်။

အနောက်အုပ်စု နိုင်ငံများက ယူကရိန်းပဋိပက္ခအတွက် ရုရှားကို ဝေဖန်ရှုတ်ချခဲ့သော်လည်း တရုတ်၊ အိန္ဒိယနိုင်ငံတို့ကမူ ပြစ်တင်ဝေဖန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

KKO

## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို တရားရုံးလာရောက်ရင်ဆိုင်ရန် ရဲတပ်ဖွဲ့သတိပေး

**အစ္စလာမ်မာဘတ် မတ် ၆**

တရားရုံးသို့လာရောက်၍ တရားဆိုင်ရန် သတိပေးသည့်အနေဖြင့် ပါကစ္စတန်ရဲတပ်ဖွဲ့သည် မတ် ၅ ရက်တွင် တရားရုံးဖမ်းဝရမ်းစာရွက်ကို ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း ထံပေးအပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီမရန်ခန်း၏ နေအိမ်အတွင်းသို့ ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်မှုကို တားဆီးရန် အီမရန်ခန်းထောက်ခံသူများက ကြိုးစားခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များက တရားရုံးဖမ်းဝရမ်းကို အီမရန်ခန်းထံပေးအပ်ခဲ့ခြင်းဖြစ်သည်။

လွှတ်တော်၏အယုံအကြည်မရှိ အဆိုကြောင့် ပြီးခဲ့သည့်နှစ်အတွင်း ရာထူးမှ ဖယ်ရှားခံခဲ့ရသော အီမရန်ခန်းကို ရာထူးအရှိန်အဝါအသုံးပြု၍ နိုင်ငံပိုင်လက်ဆောင်ပစ္စည်းရောင်းချမှုဖြင့် ပါကစ္စတန်ဖက်ဒရယ်စုံစမ်းစစ်ဆေးရေး အေဂျင်စီက အဂတိလိုက်စားမှု တိုက်ဖျက်ရေးတရားရုံး၌ တရားစွဲဆိုထားသည်။

ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်းကို အမှုလာရောက်ရင်ဆိုင်ရေးအတွက် အကြိမ်ကြိမ်ဆင့်ခေါ်ခဲ့သော်လည်း တရားရုံးသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

သို့သော် အဂတိလိုက်စားမှုတရားရုံးက ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းအတွက် ဖမ်းဝရမ်းကို ပြီးခဲ့သည့်ရက်သတ္တပတ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အထက်တရားရုံးတစ်ရုံး၏ အာမခံရရှိထားသော အီမရန်ခန်းကိုဖမ်းဝရမ်းဖြင့်ဖမ်းဆီး၍ မရနိုင်သည်ဟု အီမရန်ခန်း၏ လက်ထောက်များက ပြောကြားထားကြောင်း သိရသည်။ KKO



## ကျောင်းသူများအဆိပ်ခတ်တိုက်ခိုက်ခံရမှုကို ခွင့်လွှတ်၍မရနိုင်သော ရာဇဝတ်မှုအဖြစ် အီရန်ခေါင်းဆောင်ဝေဖန်

**တီဟီရန် မတ် ၆**

ကျောင်းသူများအား အဆိပ်ခတ်တိုက်ခိုက်မှုကို ခွင့်လွှတ်၍မရနိုင်သော ရာဇဝတ်မှုအဖြစ် အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီက ဝေဖန်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကျောင်းသူများကို ရည်ရွယ်ချက်ရှိရှိ အဆိပ်ခတ်တိုက်ခိုက်မှုသည် သေဒဏ်နှင့်ထိုက်တန်သော ရာဇဝတ်မှုဖြစ်ကြောင်း အယာတိုလာအလီခါမေနီက ယနေ့တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံတစ်ဝန်း စာသင်ကျောင်းများ၌ဖြစ်ပွားခဲ့သည့် အဆိုပါ အဆိပ်ခတ်တိုက်ခိုက်မှုများအတွက် ပြည်သူများ အမျက်ထွက်နေချိန်တွင် အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီ၏ အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှ စ၍ဖြစ်ပွားခဲ့သည့် အဆိပ်ခတ်တိုက်ခိုက်မှုများကို ကျောင်းသူဦးရေ ၁၀၀၀ ကျော်ထိရင်ဆိုင်ခဲ့ရကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှုသည် မိန်းကလေးများ ပညာသင်ကြားမှုကို မလိုလားသော ဘာသာရေးတစ်ယူသန်အုပ်စုများနှင့်ပတ်သက်နေနိုင်ကြောင်း အီရန်နိုင်ငံရေးခေါင်းဆောင်တချို့က ထင်ကြေးပေးထားသည်။

ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှုပြဿနာကို အာဏာပိုင်များအနေဖြင့် အလေးအနက်ထားဖြေရှင်းသင့်သည်ဟု အီရန်ခေါင်းဆောင် ခါမေနီက ပြောကြားထားကြောင်း သိရသည်။ KKO

## နစ်မြုပ်ခဲ့သည့် ရေနံတင်သင်္ဘောတည်ရှိရာနေရာကို ရေအောက်ဆင်းယာဉ်သုံး၍ ဖိလစ်ပိုင်အတည်ပြုမည်

**မနီလာ မတ် ၆**

ပြီးခဲ့သည့် ရက်သတ္တပတ်က အလယ်ပိုင်းဒေသ ပြည်နယ်တစ်ခု၏ ကမ်းလွန်ရေပြင်အတွင်းနစ်မြုပ်ခဲ့သော ရေနံတင်သင်္ဘောတည်ရှိရာနေရာကို ဖိလစ်ပိုင်တာဝန်ရှိသူများက ရှာဖွေတွေ့ရှိထားဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်တီပရင့်ဆက်အမ်းပရက်စ်အမည်ရှိအဆိုပါရေနံတင်သင်္ဘောသည် အိုရီယန်တယ်မင်ဒိုရိုပြည်နယ်ကမ်းလွန်ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၁၂၀၀ ခန့် အနက်တွင် တည်ရှိနေဖွယ်ရှိကြောင်း ဖိလစ်ပိုင် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

သို့သော် သင်္ဘောတည်ရှိရာနေရာကို လက်တွေ့အတည်ပြုနိုင်ရေးအတွက် လိုအပ်နေဆဲဖြစ်ရာ ရေအောက်ဆင်းယာဉ်တစ်စီးအသုံးပြု၍ အတည်ပြုနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

နစ်မြုပ်နေသည့် ရေနံတင်သင်္ဘော၌ ရေနံမည်းမျှတင်ဆောင်ထားသည်၊ လက်ကျန်ရေနံများကို မည်သို့ စုပ်ထုတ်ရမည်ကို ဖိလစ်ပိုင်တာဝန်ရှိသူများက လေ့လာဆန်းစစ်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၈ ရက်က နစ်မြုပ်ခဲ့သည့် အဆိုပါရေနံတင်သင်္ဘောပေါ်၌ စက်မှုလုပ်ငန်းသုံးရေနံစိမ်း လီတာ ၈၀၀၀၀၀ ခန့်တင်ဆောင်ထားကြောင်း သိရသည်။

ယင်းရေနံတင်သင်္ဘောပေါ်၌ လိုက်ပါလာသူ ရေယာဉ်ဝန်ထမ်းဦးရေ ၂၀ ကို ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ KKO

## ဘီ-၅၂ မဟာဗျူဟာဗုံးကြဲလေယာဉ်တစ်စင်းကို တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်စစ်ဘက် စေလွှတ်

**ဆိုးလ် မတ် ၆**

မဟာမိတ် တောင်ကိုရီးယားနိုင်ငံနှင့်ပြုလုပ်ခဲ့သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုအတွက် အမေရိကန်နိုင်ငံက ယနေ့တွင် ဘီ-၅၂ မဟာဗျူဟာဗုံးကြဲလေယာဉ်တစ်စင်းကို တောင်ကိုရီးယားနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံ၏ ချူကလီးယားလက်နက်နှင့်ဒုံးကျည်ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် အင်အားပြသည့်အနေဖြင့် ဘီ-၅၂ ဗုံးကြဲလေယာဉ်ကို တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်လေတပ်က စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဘီ-၅၂ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် ချူကလီးယားလက်နက်များသယ်ဆောင်ပစ်လွှတ်နိုင်သည့် ဗုံးကြဲလေယာဉ်များဖြစ်ကြသည်။



အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ယခုလကုန်ပိုင်းတွင် ကမ်းတက်တိုက်ပွဲလေ့ကျင့်မှုများလည်းပါဝင်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် အစဉ်အလာအားဖြင့် အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကိုကျူးကျော်စစ်အတွက် ဇာတ်တိုက်မှုအဖြစ် သတ်မှတ်ဝေဖန်လေ့ရှိသည်။

ကိုရီးယားကျွန်းဆွယ်ချူကလီးယားလက်နက်ကင်းစင်ရေးဆွေးနွေးပွဲများရပ်ဆိုင်းနေချိန် ပြီးခဲ့သည့်နှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်စမ်းသပ်မှုများ စံချိန်တင်ပြုလုပ်ခဲ့ကြောင်း သိရသည်။KKO

# SCIENCE AND TECHNOLOGY

## ပြင်သစ်နိုင်ငံက SVOM အာကာသရေဒီယိုတယ်လီစကုပ်လွှတ်တင်နိုင်ရေး အဆင့်မြင့်နည်းပညာသုံးစူးစမ်းလေ့လာရေးစနစ်နှစ်မျိုး တရုတ်နိုင်ငံသို့ ပို့ဆောင်မည်



**ပဲရစ် မတ် ၆**

ပြင်သစ်နိုင်ငံသည် နှစ်နိုင်ငံ ပူးတွဲတည်ဆောက်နေသည့် SVOM အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်နိုင်ရန်ပြင်ဆင်သည့်အနေဖြင့် အဆင့်မြင့်နည်းပညာသုံး စူးစမ်းလေ့လာရေးစနစ်နှစ်မျိုးကို တရုတ်နိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၅ ရက်က ရေးသားတင်ပြထားသည်။

ပြင်သစ်နှင့် တရုတ်နိုင်ငံတို့သည် ၂၀၁၄ ခုနှစ်တွင် ရယူထားသည့် သဘောတူညီချက်အရ SVOM အမည်ရှိ အာကာသရေဒီယို တယ်လီစကုပ်တစ်ခုကို ပူးတွဲတည်ဆောက်လျက်ရှိကြောင်း သိရသည်။

SVOM အာကာသရေဒီယို တယ်လီစကုပ်သည် သက်တမ်းတိုသော်လည်း အလွန်ပြင်းထန်သည့် ဂမ်မာရောင်ခြည် ပေါက်ကွဲမှုခေါ် စကြဝဠာပေါက်ကွဲမှုများကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

SVOM မစ်ရှင်အတွက် တရုတ်နိုင်ငံက ဂမ်မာရောင်ခြည်ပေါက်ကွဲမှု စောင့်ကြည့်ရေးစနစ်နှင့် အလင်းအာရုံခံတယ်လီစကုပ်တစ်ခုကို တည်ဆောက်ပေးထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံကမူ ELEARs အမည်ရှိ တယ်လီစကုပ်နှင့် MXT အမည်ရှိ X-ray ရောင်ခြည်တယ်လီစကုပ်တစ်ခုကို တည်ဆောက်ပေးထားကြောင်း သိရသည်။

အလေးချိန်ကီလိုဂရမ် ၉၃၀ ရှိမည့် SVOM အာကာသရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် ဒီဇင်ဘာလအတွင်း လောင်းမတ်ချ်-၂ ဒီဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

KKO


## စနေဂြိုဟ်၏ အင်စီလေးဒပ်စ်ဂြိုဟ်ရံလက သက်ရှိများဖြစ်ထွန်းရန် အလားအလာအကောင်းဆုံး နေအဖွဲ့အစည်းအာကာသနယ်မြေများအတွင်း ပါဝင်

**ဝါရှင်တန် မတ် ၆**

စနေဂြိုဟ်၏ ရေခဲဂြိုဟ်ရံလတစ်စင်းဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် သက်ရှိများဖြစ်ထွန်းရန် အလားအလာအကောင်းဆုံး နေအဖွဲ့အစည်း အာကာသနယ်မြေများအတွင်း ပါဝင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၅ ရက်က ရေးသားတင်ပြထားသည်။

စနေဂြိုဟ်၏ ပြင်းထန်သော ဒြပ်ဆွဲအားသည် အင်စီလေးဒပ်စ်ဂြိုဟ်ရံလ၏ အတွင်းဝတ်ဆံလုံးကို ဖိကြိတ်နေတတ်မှုကြောင့် အဆိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကြမ်းပြင်မှ အေးခဲနေသော ဆီလီကာရုပ်မှုန်များသည် ရေပူတွင်းပေါက်များမှတစ်ဆင့် ဂြိုဟ်ရံလမျက်နှာပြင်ပေါ်သို့ တိုးထွက်လာတတ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

သမုဒ္ဒရာရေပူတွင်းပေါက်များသည် ကမ္ဘာပေါ်တွင် နေရောင်မရှိသည့်နေရာများ၌ ရှင်သန်နိုင်စွမ်းရှိသည့် သက်ရှိများ တည်ရှိရာနေရာများဖြစ်ကြသည်။



သို့ဖြစ်ရာ အင်စီလေးဒပ်စ်ဂြိုဟ်ရံလကို သက်ရှိများဖြစ်ထွန်းရန် အလားအလာအကောင်းဆုံး နေအဖွဲ့အစည်းအာကာသနယ်မြေတစ်ခုအဖြစ် သတ်မှတ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်စီလေးဒပ်စ်ဂြိုဟ်ရံလမျက်နှာပြင်ပေါ်သို့ ရောက်ရှိလာသည့် မြေအောက်သမုဒ္ဒရာကြမ်းပြင်ရှိဆီလီကာရုပ်မှုန်များသည် သက်ရှိများ ဖြစ်ထွန်းရေးအတွက် လိုအပ်သည့် တွင်းထွက်ဓာတ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ ဆဋ္ဌမမြောက်အကြီးဆုံး ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံ၏ TJS-3 ဂြိုဟ်တုက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အခြားနိုင်ငံဂြိုဟ်တုများကို စောင့်ကြည့်နေ

**ဝါရှင်တန် မတ် ၆**

တရုတ်နိုင်ငံက ၂၀၁၈ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် TJS-3 အမည်ရှိ ဂြိုဟ်တုတစ်စင်းသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အခြားနိုင်ငံများ၏ ဂြိုဟ်တုများကို စောင့်ကြည့်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၅ ရက်က ရေးသားတင်ပြထားသည်။

ဆက်သွယ်ရေးနည်းပညာ စမ်းသပ်မှုဂြိုဟ်တုအဖြစ် ကြေညာထားသော TJS-3 ဂြိုဟ်တုအမည်ရှိ အဆိုပါဂြိုဟ်တုကို ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံက ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပတ်လမ်းပေါ်သို့ ရောက်ရှိချိန်တွင် TJS-3 ဂြိုဟ်တုသည် အခြားဂြိုဟ်တုငယ်တစ်စင်းကို ထပ်ဆင့်လွှတ်တင်ခဲ့သည်။

ပတ်လမ်းသတင်းအချက်အလက်များအရ အဆိုပါဂြိုဟ်တုသည် ပြီးခဲ့သည့်လများအတွင်း အမေရိကန်ဂြိုဟ်တုများအနီးသို့ ချဉ်းကပ်စောင့်ကြည့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

TJS-3 ဂြိုဟ်တုက အနီးကပ်စောင့်ကြည့်ခဲ့သော ဂြိုဟ်တုများတွင် အမေရိကန်စစ်ဘက်ဂြိုဟ်တုများလည်း ပါဝင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ဘူမိကိန်းသေပတ်လမ်း (GEO) ဟုခေါ်သည့် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ရုရှား၊ အမေရိကန်နှင့် တရုတ်ဂြိုဟ်တုများ တစ်စင်းနှင့်တစ်စင်း စောင့်ကြည့်မှုမြင့်တက်လာကြောင်း သိရသည်။

KKO

# HEALTH

## တစ်ညလျှင် ခုနစ်နာရီအိပ်စက်ခြင်းဖြင့် ကိုယ်အလေးချိန်လျှော့ချနိုင်ရေး အထောက်အကူပြုနိုင်

**နယူးယောက် မတ် ၆**

တစ်ညလျှင် အနည်းဆုံး ခုနစ်နာရီ အိပ်စက်ခြင်းဖြင့် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်နိုင်ပြီး ကိုယ်အလေးချိန် လျှော့ချရေးအထောက်အကူပြုနိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အဝလွန်နေသော သို့မဟုတ် ကိုယ်အလေးချိန်လွန်ကဲနေသော သက်လတ်ပိုင်းအရွယ် လူပေါင်း ၁၂၇ ဦးတို့ကို တစ်နှစ်ကြာ လေ့ကျင့်ခန်းအစီအစဉ်တစ်ရပ်တွင် ထည့်သွင်း၍ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ စမ်းသပ်မှုတွင် ပါဝင်သူများအနက် အိပ်စက်ချိန်လုံလောက်သူများမှာ မလုံလောက်သူများထက် အစားပိုနည်းလာတတ်ပြီး လေ့ကျင့်ခန်းပိုလုပ်လာနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အဝလွန်သူ၊ ကိုယ်အလေးချိန်လွန်ကဲသူများအနေဖြင့် တစ်ညလျှင် ခုနစ်နာရီထိ အိပ်စက်ခြင်းဖြင့် ကိုယ်အလေးချိန် လျှော့ချရေးအတွက် အကျိုးရှိနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

တစ်ညလျှင် အနည်းဆုံး ခုနစ်နာရီထိ အိပ်ချိန်ရယူခြင်းသည် အရွယ်ရောက်သူများ၏ ကိုယ်အလေးချိန်ကို လျှော့ချရေးအတွက် အရေးကြီးသည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ယခင်ထုတ်ပြန်ခဲ့သော လေ့လာချက်များမှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ည အိပ်စက်ချိန် ခုနစ်နာရီအောက်သာရှိသူများ၌အစားအစာအလွန်အကျွံစားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

KKO

## တစ်လလျှင် တစ်ကြိမ် ပုံမှန်နှုန်းပြေးခြင်းဖြင့် Dementia ဖြစ်နိုင်ခြေကို ကာကွယ်နိုင်

**နယူးယောက် မတ် ၆**

တစ်လလျှင် တစ်ကြိမ်မျှ ပုံမှန်နှုန်းဖြင့် အပြေးလေ့ကျင့်ခဲ့လျှင်ပင် အသက်ရလာချိန်၌ မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုရောဂါ (Dementia) ကို ကာကွယ်ပေးနိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၅ ရက်က ရေးသားတင်ပြထားသည်။


ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူဦးရေပေါင်း ၁၄၀၀ တို့၏ လေ့ကျင့်ခန်းပြုလုပ်မှုပုံစံများကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှ ထွက်ပေါ်လာသောရလဒ်များအရ အသက် ၅၀ နှင့် ၆၀ ဝန်းကျင်အရွယ်များအနေဖြင့် တစ်လလျှင် တစ်ကြိမ်မျှ အပြေးလေ့ကျင့်မှုပြုလုပ်ပေးရုံဖြင့် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်ကျန်းမာရေးအတွက် အသက် ၅၀ ပိုင်း၊ ၆၀ ပိုင်းရှိသူများသည်ပင် လေ့ကျင့်ခန်းစတင်ပြုလုပ်ရန် အချိန်မနှောင်းသေးကြောင်း၊ အရွယ်ရောက်သူများအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ အချိန်ပေး၍ လေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်။

လေ့ကျင့်ခန်း ပြုလုပ်ပါက ဦးနှောက်အတွင်း သွေးစီးဆင်းဝင်ရောက်မှု အားကောင်းလာပြီး မှတ်ဉာဏ်နှင့် သက်ဆိုင်နေသော ဦးနှောက်နယ်မြေများ၏ လှုပ်ရှားမှု မြင့်မားလာတတ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Arnold Palmer Invitational ပြိုင်ပွဲ၌ ကီတာယာမာ ချန်ပီယံဆုဆွတ်ခူး

**ဖလော်ရီဒါ မတ် ၆**


အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုး၌ ကျင်းပခဲ့သည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ကီတာယာမာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ကြောင်း yahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟာရစ်အင်္ဂလိရှ်နှင့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး ကီတာယာမာသည် နောက်ဆုံးနေ့တွင် ၎င်းနေ့အတွက် သတ်မှတ်ထားသည့်ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့သော်လည်း ဒုတိယနေ့နှင့်တတိယနေ့တွင်ရလဒ်ကောင်းများရယူနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံဆုအတွက် ဒုတိယနေရာ၌ရပ်တည်နေသည့်ပြိုင်ပွဲဝင်များနှင့်တစ်ချက်သာကွာဟခဲ့သည်။

ကီတာယာမာသည် နောက်ဆုံးနေ့တွင် သုံးကျင်းဆက်တိုက် Bogey ဖြစ်ခဲ့သည့်အတွက် နောက်ဆုံးနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

ကီတာယာမာက "ဒီပြိုင်ပွဲက ခက်ခဲတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ နောက်ဆုံးနေ့ထိ အကြိတ်အနယ်ကစားခဲ့ရတယ်။ အခက်အခဲတွေကျော်ဖြတ်ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဒီညက ကျွန်တော့်အတွက်တော့ အိပ်မက်လှလှမက်မဲ့ညတစ်ညပါပဲ။ ဒီပြိုင်ပွဲမှာ ရလဒ်ကောင်း ထွက်ပေါ်ဖို့အတွက် ကျွန်တော့်အနေနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာသာမက ကြံ့ခိုင်မှုပိုင်းအတွက် အများကြီးပြင်ဆင်ခဲ့ရပါတယ်။ PGA Tour မှာချန်ပီယံဆုဆွတ်ခူးနိုင်ဖို့ ကျွန်တော်အိပ်မက်မက်ထားတယ်။ကျွန်တော့်ရဲ့အိပ်မက်ကို အကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ကီတာယာမာသည် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း ရရှိခဲ့ကြောင်း သိရသည်။ AZL



## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက လာမည့်နွေရာသီ တိုက်စစ်ကစားသမား ဝယ်ယူမည့်စာရင်းတွင် ဟယ်ရီကိန်း၊ အောဘာရာဟမ်၊ ဆက်ဆို၊ အိုစီမန်တို့ကို ထည့်သွင်းထားသော်လည်း အိုစီမန်ကိုသာဦးစားပေးခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်ကခေါ်ယူရန်ပစ်မှတ်ထားနေသည့် အမ်ဘက်ပီအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ နီးပါးရရှိပါက ရောင်းချမည်ဟု ပီအက်စ်ဂျီအသင်းက ထုတ်ပြန်ခဲ့သည်။
- ဗလင်စီယာကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်း ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့သောကြောင့် ဘာစီလိုနာအသင်းတွင် ပက်ထရီ၊ လီဝမ်ဒေါစကီး၊ ဒမ်ဘီလီတို့အပါအဝင် အဓိက ကစားသမားလေးဦးထိဒဏ်ရာပြဿနာရှိနေကြောင်း သိရသည်။
- မန်ယူအသင်းနှင့်ပွဲစဉ်တွင် ကွင်းအတွင်းဝင်ရောက်အောင်ပွဲခံခဲ့သည့် လီဗာပူးပရိသတ်တစ်ဦး၏အပြုအမူကြောင့် လီဗာပူးအသင်းက ပွဲကြည့်ရှုခွင့်ပိတ်ပင်ရန် စစ်ဆေးနေကြောင်း သိရသည်။ ML

# အမျိုးသမီးလိဂ်ဖလားပြိုင်ပွဲတွင် အာဆင်နယ်အမျိုးသမီးအသင်းက ချဲလ်ဆီးအမျိုးသမီးအသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူး




**လန်ဒန် မတ် ၆**

အာဆင်နယ်အမျိုးသမီးအသင်းနှင့် ချဲလ်ဆီးအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် လိဂ်ဖလားပြိုင်ပွဲဗိုလ်လုပွဲစဉ်၌ အာဆင်နယ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း Forbes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အမျိုးသမီးအသင်းသည် လိဂ်ဖလားသမိုင်း၌ ငါးကြိမ်ထိရရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် အဓိကဆုဖလားနှင့်ဝေးကွာခဲ့ရပြီးနောက် ရက်ပေါင်း ၁၃၉၄ ရက်အကြာတွင် ဆုဖလားပြန်လည်ရရှိခဲ့သောကြောင့် ဖလားလက်မဲ့ရာသီကို အဆုံးသတ်နိုင်ခဲ့ပြီး အသင်းသမိုင်း၌ခြောက်ကြိမ်မြောက်လိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အာဆင်နယ်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အေဗီလာအသင်းကို သုံးဂိုး ဂိုးမရှိ၊ ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ချဲလ်ဆီးအသင်းနှင့် တွေ့ဆုံခဲ့ရာ ပွဲအစတွင် ချဲလ်ဆီးအသင်းက ဆာမာသာခါ၏ဦးဆောင်ဂိုးကြောင့် ဖိအားအောက် ကျရောက်ခဲ့ရသော်လည်း ပြန်လည်ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၁၆ မိနစ်တွင် တိုက်စစ်မှူး ဘလက်စတန်းနီးယက်စ်က ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင် ကင်လစ်တယ်က ဦးဆောင်ဂိုးနှင့် ပွဲချိန် ၄၅ မိနစ်၌ချဲလ်ဆီးကစားသမား ချားလက်စ်တို့၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုတို့ကြောင့် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

လက်ရှိတွင် လိဂ်ဖလားဆွတ်ခူးခဲ့သည့် အာဆင်နယ်အမျိုးသမီးအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၁)မှ မန်ယူအမျိုးသမီးအသင်းနှင့် ရမှတ်ကိုးမှတ်ထိ ကွာဟနေသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုပထမဖြင့်တက်ရောက်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။ ML

# ချဲလ်ဆီးအသင်းမှ ထွက်ခွာမည်ဟု ကွင်းလယ်ကစားသမား လော့တပ်ချိခ် ပြောကြား

**လန်ဒန် မတ် ၆**

ယခုနှစ် ဘောလုံးရာသီတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသည့် လော့တပ်ချိခ်က လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် ချဲလ်ဆီးအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လော့တပ်ချိခ်သည် ချဲလ်ဆီးအသင်းနှင့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီ၌ ပြိုင်ပွဲစုံ ၂၂ ပွဲတွင် လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ကစားခဲ့ရပြီး ပွဲကစားချိန် လျော့နည်းလာသောကြောင့် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာရန် စီစဉ်နေခြင်းဖြစ်သည်။

ထို့ပြင် ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ကွင်းလယ်ပိုင်းတွင် အန်ဇိုဖာနန်ဒက်စ်၊ နီနီ၊ ဂက်စ်တိုတို့ကို ခေါ်ယူခဲ့သည့်အပြင် လိုက်ပ်ဇစ်အသင်းမှ ကွင်းလယ်ကစားသမား ဆိုဘော့ဇလာရီကို လည်း ထပ်မံခေါ်ယူရန်စီစဉ်နေသောကြောင့် ပွဲကစားခွင့်အာမခံချက် ရှိမည်မဟုတ်တော့သဖြင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်ရှိ လော့တပ်ချိခ်သည် ကွင်းလယ်ပိုင်းတွင် ခံစစ်၊ တိုက်စစ်ထိ လိုက်ပါကစားနိုင်သည့်အပြင် ညာတောင်ပံခံစစ်ပိုင်းတွင်လည်း ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ဒဏ်ရာပြဿနာများကြောင့်သာ ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်နေရသော်လည်း ၎င်း၏ စွမ်းဆောင်ရည်နှင့် အဆုံးသတ်မှုတို့ကို ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားလျက်ရှိသည်။

လက်ရှိတွင် လော့တပ်ချိခ်ကို အေစီမီလန်အသင်းနှင့် လာဇီယိုအသင်းတို့က စိတ်ဝင်စားနေပြီး တရားဝင်ကမ်းလှမ်းမှုမပြုလုပ်သေးသဖြင့် ပြောင်းရွှေ့မည့်အသင်းကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း လာမည့်နွေရာသီ၌ ချဲလ်ဆီးအသင်းမှ ထွက်ခွာရန်သေချာလျက်ရှိကြောင်း သိရသည်။

ML

# မန်ယူအသင်းကို နှစ်ဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူး ဆာလာဟ် ရော်ဘီဖောင်လာ၏ ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့

**လန်ဒန် မတ် ၆**

လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် လီဗာပူးအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဆာလာဟ်သည် အသင်းသမိုင်းတွင် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ရော်ဘီဖောင်လာ၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း AS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်း တိုက်စစ်မှူးဟောင်း ရော်ဘီဖောင်လာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၇၉ ပွဲတွင် သွင်းဂိုး ၁၂၈ ဂိုးဖြင့် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသော်လည်း ယခုအခါ ဆာလာဟ်က မန်ယူအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၀၈ ပွဲတွင် သွင်းဂိုး ၁၂၉ ဂိုးထိရှိလာသောကြောင့် ရော်ဘီဖောင်လာ၏ စံချိန်ကိုကျော်ဖြတ်ပြီး ပရီးမီးယားလိဂ် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဆာလာဟ်သည် ၂၀၁၇ ခုနှစ်က လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် သွင်းဂိုး ၃၂ ဂိုး၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် သွင်းဂိုး ၂၂ ဂိုး၊ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် သွင်းဂိုး ၁၉ဂိုး၊ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် သွင်းဂိုး ၂၂ ဂိုး၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် သွင်းဂိုး ၂၃ ဂိုးနှင့်ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်၌ကစားခဲ့သည့်အာဖရိကကစားသမားများထဲတွင်လည်း သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည်။




အဆိုပါပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့သော်လည်း လီဗာပူးအသင်းက တန်ပြန်တိုက်စစ်ဖြင့်သာ ပြန်လည်ဖိအားပေးခဲ့ရာ ပွဲချိန် ၄၁ မိနစ်နှင့်မိနစ် ၅၀ တွင် ဂတ်ပို၊ ၄၇ မိနစ်နှင့် ၇၅ မိနစ်တွင် နူနက်၊ ၆၆ မိနစ်နှင့် ၈၃ မိနစ်တို့တွင် ဆာလာဟ်၊ ပွဲချိန် ၈၈ မိနစ်တွင် ဖာမင်နိုတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး မန်ယူအသင်းအနေဖြင့် ချေပဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သောကြောင့် ခုနစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။ML

# အာရှယူ-၂၀ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲကစားရန် မြန်မာယူ-၂၀ အမျိုးသမီးအသင်း ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မတ် ၆**

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် အာရှယူ-၂၀ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ ယနေ့နံနက်ပိုင်းက လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ကြောင်း သိရသည်။




မြန်မာယူ-၂၀ အမျိုးသမီးအသင်းကိုအသင်းအုပ်ချုပ်သူအဖြစ် ဒေါ်နှင်းစန္ဒာဦး၊ နည်းပြအဖြစ် ဒေါ်စန်းစန်းသိန်းတို့က တာဝန်ယူသွားမည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူ နည်းပြအဖွဲ့ဝင် ကိုးဦးနှင့် ကစားသမား ၂၃ ဦး စုစုပေါင်း ၃၂ ဦး လိုက်ပါခဲ့ကြသည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှယူ-၂၀အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲခြေစစ်ပွဲအုပ်စု(G)ကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်ကမ္ဘောဒီးယားယူ-၂၀ အမျိုးသမီးအသင်း၊ မြန်မာယူ-၂၀ အမျိုးသမီးအသင်းနှင့်မလေးရှားယူ-၂၀ အမျိုးသမီးအသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မတ် ၈ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်းနှင့် လည်းကောင်း၊ မတ် ၁၂ ရက်တွင် မြန်မာစံတော်ချိန်ညနေ ၃နာရီခွဲတွင် မလေးရှားယူ-၂၀အသင်းနှင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# Indian Wells တင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်

**ကယ်လီဖိုးနီးယား မတ် ၆**

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပမည့် Indian Wells တင်းနစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်မဟုတ်ဟု ကြေညာခဲ့ကြောင်း Tennis Majors သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် Indian Wells တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ထားသော်လည်း အမေရိကန်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသေးသူများကို ပြည်ဝင်ခွင့်ပိတ်ပင်ထားသည့်အတွက် ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသေးသည့် ဂျိုကိုဗစ်သည် အဆိုပါပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

အမေရိကန်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရခြင်းမရှိသေးသူများကို ပြည်ဝင်ခွင့်ပိတ်ပင်သည့်မူဝါဒကို မေလထိ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည့်အတွက် ဂျိုကိုဗစ်အနေဖြင့် မေလကုန်ပိုင်းမှ အမေရိကန်နိုင်ငံ ပြည်ဝင်ခွင့်ရရှိမည်ဖြစ်သည်။

ဂျိုကိုဗစ်က အမေရိကန်တွင် နေထိုင်သည့် အစ်ကိုတော်စပ်သူ၏ အကူအညီဖြင့် အမေရိကန်နိုင်ငံသို့ဝင်ရောက်ခွင့်ပြုရန် အမေရိကန်တရားရုံးသို့အယူခံဝင်ခဲ့သော်လည်း အယူခံမအောင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်၏အစ်ကိုဖြစ်သူ ဂျော့ဂျီဂျိုကိုဗစ်က "ဂျိုကိုဗစ်က Indian Wells တင်းနစ်ပြိုင်ပွဲဝင်ဖို့အတွက် ပြည်ဝင်ခွင့်ရဖို့ အယူခံဝင်ခဲ့ပါတယ်။ ကံမကောင်းစွာနဲ့ အယူခံဝင်တာ မအောင်မြင်ခဲ့ပါဘူး။ အမေရိကန်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသေးတဲ့ နိုင်ငံခြားသားတွေကို ပြည်ဝင်ခွင့်ပိတ်ပင်ထားပြီး ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းမူဝါဒကို မေလကုန်ပိုင်းထိကျင့်သုံးသွားမယ်လို့ထုတ်ပြန်ထားပါတယ်။ သူ့ကို အထူးအခွင့်အရေးတစ်ရပ်အနေနဲ့ ပြည်ဝင်ခွင့်ပေးဖို့ကျွန်တော်ကြိုးစားခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




**ရန်ကုန် မတ် ၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေပိုင်းက ကစားခဲ့သည့်ပွဲစဉ်များတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပြိုင်ဘက်များကိုကိုယ်စီအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင်ကစားခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့်ဂျီအက်ဖ်အေအသင်းတို့ပွဲစဉ်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၄ မိနစ်တွင် ရန်နိုင်အောင်ကလည်းကောင်း၊ ပွဲချိန် ၄၂ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် စိုးကျော်ကျော်ကလည်းကောင်း ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ဟံသာဝတီယူနိုက်တက်အသင်းကပင် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် အောင်မြတ်သူက လည်းကောင်း၊ ပွဲချိန် ၉၁ မိနစ်တွင် ဇင်မင်းထွန်းကလည်းကောင်း ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၉၄မိနစ်၌ ဂျီအက်ဖ်အေအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်၌ ဟံသာဝတီယူနိုက်တက်အသင်းက ဂျီအက်ဖ်အေအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ YUSC အားကစားကွင်းတွင်ကျင်းပခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်အသင်းတို့ ပွဲစဉ်တွင်လည်း ရန်ကုန်ယူနိုက်တက် အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၂၇ မိနစ်တွင် သွင်းယူခဲ့သည့် ဆိုင်လာ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# သူရိန်ထွန်း၏သွင်းဂိုး ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆု ဆန်ခါတင်စာရင်း၌ ပါဝင်ဖွယ်ရှိ

**ရန်ကုန် မတ် ၆**

ISPE အသင်း တိုက်စစ်ကစားသမား သူရိန်ထွန်းသွင်းယူခဲ့သည့်သွင်းဂိုးသည် ၂၀၂၃ ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆု(Puskas Award) အတွက် ဆန်ခါတင်သွင်းဂိုးစာရင်းတွင် ပါဝင်လာဖွယ်ရှိနေကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် မတ် ၄ ရက်က ကစားခဲ့သည့် ISPE အသင်းက မြဝတီအက်ဖ်စီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ISPEအသင်းအတွက် နှစ်ဂိုးစလုံးကို သူရိန်ထွန်းက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲချိန် ၇၂ မိနစ်တွင် မြဝတီအက်ဖ်စီအသင်းက ထောင့်ကန်ဘောကန်တင်ခဲ့ရာမှ ပြန်ထွက်လာသည့်ဘောလုံးကို သူရိန်ထွန်းက ပြိုင်ဘက်ကစားသမားတစ်ဦးကို ကျော်ဖြတ်ပြီး ISPEအသင်း ကွင်းဘက်ခြမ်းမှ မြဝတီအက်ဖ်စီအသင်းဂိုးပေါက်သို့ ဂိုးသမား ရှေ့ရောက်နေသည်ကို အခွင့်ကောင်းယူပြီး လှလှပပသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသွင်းဂိုးဖြင့် ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆုအတွက် ဆန်ခါတင်စာရင်း၌ ပါဝင်လာဖွယ်ရှိနေသည်။

လက်ရှိမြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ပြိုင်ပွဲဖြစ်သည့်အတွက် ၂၀၂၃ ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆုအတွက် ဆန်ခါတင်သွင်းဂိုးစာရင်း ရွေးချယ်ရန် အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

STA

# Chile Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နီကိုလက်စ်ဂျာရီ ဆွတ်ခူး

**ဆန်တီယာဂို မတ် ၆**

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် ကျင်းပခဲ့သည့် Chile Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ချီလီတင်းနစ်ကစားသမား နီကိုလက်စ်ဂျာရီနှင့် အာဂျင်တီးနားတင်းနစ်ကစားသမား သောမတ်စ်မာတင်တို့ယှဉ်ပြိုင်ကစားခဲ့ရာ နီကိုလက်စ်ဂျာရီက(၆-၇၊၇-၆၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် သုံးနာရီနီးပါးကြာမြင့်ခဲ့ကာ နီကိုလက်စ်ဂျာရီအတွက် မွေးရပ်ဇာတိတွင် ကစားခဲ့ရသောကြောင့် ပရိသတ်များ၏အားပေးမှုများကိုရရှိခဲ့ကာ နောက်မှလိုက် ကစားခဲ့ရသော်လည်း အိမ်ရှင်ပရိသတ်ရှေ့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။



နီကိုလက်စ်ဂျာရီက"ကျွန်တော်နဲ့ ကျွန်တော့်မိသားစုအတွက် သမိုင်းဝင်အောင်ပွဲပါ။ဒီပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခွင့်ရခဲ့တယ်ဆိုတာကိုမယုံကြည်နိုင်သေးပါဘူး။ ဒီဆုက ကျွန်တော့်အတွက်အဓိပ္ပာယ်ရှိပါတယ်။ ခက်ခဲတဲ့ပြိုင်ပွဲဆိုပေမဲ့ မွေးရပ်မြေမှာ ပြိုင်ပွဲဝင်ခွင့်ရတဲ့ ခံစားမှုက ဘာနဲ့မှမတူသလို မိတ်ဆွေသူငယ်ချင်းတွေ မိသားစုဝင်တွေရှေ့မှာ ပြိုင်ပွဲဝင်ရတဲ့ ခံစားချက်ကလဲ ဘာနဲ့မှမတူပါဘူး။ ပရိသတ်အင်အားကြောင့်စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ အကောင်းဆုံးဖြစ်ခဲ့ပါတယ်။ ဗိုလ်လုပွဲစဉ်ဟာ ကျွန်တော့်အတွက် ခက်ခဲခဲ့ပါတယ်။ နောက်ကလိုက်ကစားခဲ့ရပြီးတော့ ပွဲကစားချိန်ကလဲ သုံးနာရီနီးပါးကြာမြင့်ပါတယ်။ ပင်ပန်းခဲ့ပေမဲ့ ပရိသတ်တွေရဲ့ အားပေးမှုကြောင့် ပင်ပန်းတယ်လို့ မခံစားခဲ့ရပါဘူး။ နောက်ထပ် ဒီလိုခံစားမှုမျိုးတွေ လိုချင်ပါသေးတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်းအဆင့် ဒု-အကျော့ ပွဲကြိုသုံးသပ်ချက်

STA

**ဘိုင်ယန်မြူးနစ် Vs ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၉-၃-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ပီအက်စ်ဂျီ ၀ – ၁ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ဘိုင်ယန်မြူးနစ်** – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ပီအက်စ်ဂျီ** – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

ပီအက်စ်ဂျီအသင်းဟာ သုံးပွဲဆက်နိုင်ပွဲရရှိထားတယ်ဆိုပေမဲ့ခံစစ်ပိုင်းကစိတ်ချလို့မရဘဲပေးဂိုးများနေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းက ပထမအကျော့ကအနိုင်ရရှိထားလို့ အခုအိမ်ကွင်းမှာအမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုင်ယန်မြူးနစ် ၂ – ၁ ပီအက်စ်ဂျီ**

# ပါတီစုံခေတ်တွင် ပြည်သူကို ကိုယ်စားပြုရမည့်ပါတီများ ခိုင်မာအားကောင်းရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၆-၁-၂၀၂၃ ရက်စွဲဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၅/၂၀၂၃) ကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၃၁-၁-၂၀၂၃ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၂၃ ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ပေးခဲ့သည်။

နိုင်ငံရေးပါတီဆိုသည်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည်။ ပါတီစုံခေတ်တွင်ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အကျိုးကို မျက်နှာမူရသည့် နိုင်ငံရေးအင်အားစုများဖြစ်သည်။ ပါတီ၏ မူဝါဒသဘောတရားများကို ပြည်သူလူထုအတွင်းပျံ့နှံ့အောင်ဆောင်ရွက်ပြီး အစိုးရနှင့်ပြည်သူကြား ပေါင်းကူးသဖွယ် ထိန်းညှိပေးရသကဲ့သို့ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ပြီး ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးနယ်ပယ်တွင် ပါဝင်ခွင့်ရရှိရေးအတွက်လည်း ကြိုးပမ်းနေကြရသည့် အဖွဲ့အစည်းများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလ၊ တစ်ပါတီအုပ်ချုပ်ရေးခေတ်ကာလ၊ တစ်ပါတီစနစ်မှ ပါတီစုံစနစ်သို့ အသွင်ကူးပြောင်းရေးကာလ၊ ပါတီစုံဒီမိုကရေစီဒုတိယခေတ်ကာလနှင့် တပ်မတော်က နိုင်ငံတော်တာဝန်အားတာဝန်ယူစောင့်ရှောက်ခဲ့ရသည့်ကာလတို့ကို ဖြတ်သန်းခဲ့ရသည်။ ထိုခေတ်ကာလများ တစ်လျှောက်လုံးတွင် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့ကြသည်။ အချို့လည်း မထင်မရှားရော ထင်ထင်ရှားရှားပါ ပျောက်ကွယ်သွားခဲ့ကြသည်။ အချို့ အထင်အရှား ရပ်တည်လျက်ရှိဆဲဖြစ်သည်။

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြား ပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများအခြေအနေ၊ တောခိုလက်နက်ကိုင်သောင်းကျန်းမှုအခြေအနေများကြောင့် ၁၉၅၁ - ၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလ အနိုင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ဖဆပလနှင့် ပမညတ အတိုက်အခံညွန့်ပေါင်းအင်အားစုတို့ အဓိကအားပြိုင်ခဲ့ရာ ဖဆပလသည် အမတ်နေရာအများစုဖြင့် အနိုင်ရခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ဖဆပလ အစိုးရအတွင်း ပုဂ္ဂိုလ်ရေးနှင့် အာဏာရရေးအခြေခံသည့် သန့်ရှင်းနှင့်တည်မြဲတို့နိုင်ငံရေးအုပ်စုကွဲဂယက်နှင့် အစိုးရယန္တရားပျက်ယွင်းတော့မည့်အခြေအနေတို့ကြောင့် တပ်မတော်က အိမ်စောင့်အစိုးရဖွဲ့ကာ နိုင်ငံ့တာဝန်ယူခဲ့ရပြီးနောက် ပြန်လည်ကျင်းပပေးခဲ့သည့် ၁၉၆၀ ပြည့်နှစ် တတိယအကြိမ် ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလ အနိုင်ရရှိခဲ့သည်။ သန့်ရှင်းဖဆပလတို့က ပြည်ထောင်စုပါတီအမည်ပြောင်းပြီး အစိုးရအာဏာရယူပြီး မကြာမီမှာပင် နိုင်ငံရေးအာဏာလုပွဲ အကွဲအပြဲဖြစ်ရပ်များ၊ ဖက်ဒရယ်ပြဿနာနှင့် ပြည်ထောင်စုမှခွဲထွက်ရေးကြိုးပမ်းလာမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က တော်လှန်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကိုရယူခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလတွင် လွတ်လပ်ရေးနှင့်အတူပါလာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ တရုတ်ဖြူပြည်ပကျူးကျော်မှု၊ နိုင်ငံရေးအုပ်စုကွဲ၊ ဂိုဏ်းကွဲများနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှု၊ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲမှုနှင့် ပြည်ထောင်စုမှခွဲထွက်ရေးကြိုးပမ်းမှုအန္တရာယ်တို့ဖြင့် ဖြတ်သန်းခဲ့ရပြီးနောက် ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီ ပထမခေတ်တစ်ခန်းရပ်ခဲ့ရလေသည်။

> ❖ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးကာလမှ ပြည်သူကရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ ပြည်သူတို့ လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ လျှောက်လှမ်းစေခဲ့သည်။ ❖

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်မှသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီဆိုရှယ်လစ်စနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ်ကြာမြင့်ခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ နိုင်ငံတော်၏ အဘက်ဘက်မှ ပျက်စီးယိုယွင်းနေသောအခြေအနေ၊ တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေ၊ ပြည်ပမှဝင်ရောက်စွက်ဖက်လာမှုကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အခြေအနေတို့ကို အချိန်မီထိန်းသိမ်းနိုင်ရန် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပြီး တစ်ပါတီအုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းသွားခဲ့ရသည်။ တပ်မတော်က တာဝန်ယူပြီးသည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးနောက် (၁) တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ (၂) လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ (၃) ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရေးနှင့် ပုဂ္ဂလိကသမဝါယမတို့ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှကူညီဆောင်ရွက်ပေးနိုင်ရေး၊ (၄) ထိုလုပ်ငန်းရပ်များပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး လုပ်ငန်းတာဝန် ၄ ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေကို ဥပဒေအမှတ်၊ ၁/၈၈ ဖြင့်ပြဋ္ဌာန်းပေးခဲ့သည်။ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ကတည်းက ပါတီတည်ထောင်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်မှုမရှိခဲ့ခြင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ပါတီစုံစနစ်တည်ထောင်ရန် တောင်းဆိုခဲ့ကြသော်လည်း အသင်းအဖွဲ့အမျိုးမျိုး၊ သမဂ္ဂအမည်အမျိုးမျိုး၊ နောက်ခံအကြောင်းတရားအမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့ခြင်းတို့ကြောင့် ပါတီစုံစနစ်သို့ပြောင်းလဲချိန်တွင် ပါတီအဖွဲ့အစည်းများကို စည်းကမ်းတကျဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈)နှင့် ၁၉၈၉ ခုနှစ် မတ် ၃၁ ရက်တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁၄/၈၉)ကို ပြဋ္ဌာန်းပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုခဲ့ရာ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုရက်ဖြစ်သည့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ အချိန် ၅ လအတွင်း မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်းမှာ ၂၃၅ ပါတီဖြင့် နိုင်ငံ့သမိုင်းတွင် နိုင်ငံရေးပါတီအများဆုံးအခရေအတွက်ဖြင့် စံချိန်တင်ခဲ့လေသည်။

ယင်းသို့ မှတ်ပုံတင်ထားသည့် ပါတီပေါင်း ၂၃၅ ပါတီအနက် ပါတီတွင်းမရပ်တည်နိုင်သည့် အခြေအနေများအရ ပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသဖြင့် ယင်းတို့၏ဆန္ဒအရ ကော်မရှင်က ပါတီ ၁၀၂ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံတော်အား လက်နက်စွဲကိုင်တိုက်ခိုက်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ၏ မြေပေါ်မြေအောက် အဖွဲ့အစည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့် ပါတီ ၃ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ ရွေးကောက်ပွဲတွင် အနည်းဆုံး မဲဆန္ဒနယ် ၃ နယ်မှာပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် ပါတီ ၃၇ ပါတီကိုလည်း ပယ်ဖျက်ခဲ့ရသည်။ ရွေးကောက်ပွဲမကျင်းပမီမှာပင် ပါတီ ၁၄၂ ပါတီကို ဖျက်သိမ်းခဲ့ရပြီး ၁၉၉၀ ပြည့်နှစ် မေ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ပါတီဖျက်သိမ်းပေးရန် ဆန္ဒအလျောက်တင်ပြလာသည့် ပါတီ ၁၅ ပါတီ၊ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့်ပါတီ ၅ ပါတီ၊ ပါတီလှုပ်ရှားမှုနှင့် အလုပ်အမှုဆောင်အဖွဲ့ မရှိတော့သည့် ပါတီ ၇ ပါတီ၊ နိုင်ငံရေးပါတီအင်္ဂါရပ်နှင့် မညီညွတ်တော့သည့် ပါတီ ၅၆ ပါတီတို့ကိုလည်း ကော်မရှင်က ဥပဒေနှင့်အညီ ဖျက်သိမ်းခဲ့ရသဖြင့် မူလက မှတ်ပုံတင်ခဲ့သည့် ပါတီပေါင်း ၂၃၅ ပါတီတွင် တရားဝင်ရပ်တည်နိုင်သည့် ပါတီ ၁၀ ပါတီသာ ကျန်ရှိပြီး ယင်းတို့အနက် ၅ ပါတီသာ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတ်တမ်းများအရ သိရှိရသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်ပွဲတွင် အနိုင်ရပါတီအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရတာဝန်လွှဲအပ်နိုင်ရေးအတွက် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို ကျင်းပစေခဲ့သည်။ ရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံးရရှိခဲ့သည့်ပါတီနှင့် ယင်းပါတီအမတ်များက အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာသွားခဲ့သဖြင့် ပါတီစုံခေတ်ပြန်လည်ရှင်သန်စေမည့် လမ်းကြောင်းဖြစ်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရလေသည်။

အမျိုးသားညီလာခံမှ ပေါ်ထွက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)မူကြမ်းကို ၂၀၀၈ ခုနှစ် မေ ၁၀ ရက်တွင်ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင် ၉၂ ဒသမ ၄ ရာခိုင်နှုန်းတို့၏ ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုပြီးနိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ် ၈ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးကာလမှပြည်သူက ရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ ပြည်သူတို့ လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ လျှောက်လှမ်းစေခဲ့သည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၆ ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကဦးဆောင်ကာ လျှောက်လှမ်းခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ရစမှာပင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ပွဲအချိန်ကာလသို့ ရောက်ခဲ့ရလေသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၃၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၅ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၅ ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး NLD ပါတီက အစိုးရဖွဲ့ကာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကို ဖြတ်သန်းခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီ ၈၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၃၇၉ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၆၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ သို့သော် ရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရ၏ ပါဝင်စွက်ဖက်မှုများ၊ မဲစာရင်း ကြီးမားစွာမှားယွင်းမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို တာဝန်ယူမဖြေရှင်းဘဲ လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်အာဏာကိုရယူမည့် အခြေအနေတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းတာဝန်ယူ ဆောင်ရွက်ခဲ့ရလေသည်။ အရေးပေါ်ကာလဆိုသည်မှာ ဒီမိုကရေစီလမ်းကြောင်း မတိမ်းစောင်းရလေအောင် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းပေးရသည့် အခြေအနေပင်ဖြစ်သည်။ အစွန်းရောက် ဒီမိုကရေစီအာဏာပိုင်လမ်းစဉ်သို့ ဦးတည်နေသော အခြေအနေအား အချိန်မီတားဆီးလိုက်နိုင်သည်ဟု ဆိုရပေလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှ အဆက်

ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွေ့လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်ရာ ကျင်းပရန်ရှိသည့် လာမည့်အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများက ဝင်ရောက်ယှဉ်ပြိုင်ကြရပေမည်။

အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့်တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် မဲဆန္ဒနယ်အားလုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်အောင်ဆောင်ရွက်ထားရန်လိုအပ်မည်ဖြစ်သည်။ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများလည်း သင့်လျော်သည့်အချိန်တွင် အသစ်ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။

ပါတီစုံခေတ် နိုင်ငံရေးပါတီများကို လေ့လာကြည့်ရာ သာမန်အားဖြင့် ပါတီအမျိုးအစား ၃ မျိုးတွေ့ရှိရသည်။ နိုင်ငံရေးဝါဒအခြေပြုပါတီ၊ ဒေသ/လူမျိုးစုအခြေပြုပါတီနှင့် အခြေခံလူတန်းစားအခြေပြုပါတီတို့ဖြစ်သည်။ နိုင်ငံအချို့တွင် လူမှုပတ်ဝန်းကျင်အကျိုးပြုပါတီများလည်း ရှိကြသည်ဟုဆိုပါသည်။ ပါတီများ၏ရပ်တည်မှုကို လေ့လာကြည့်ရာတွင် တိုင်းပြည်အတွက် အမျိုးသားအကျိုးစီးပွားကိုမဏ္ဍိုင်ပြု၍ ရပ်တည်သည့်ပါတီ၊ နယ်မြေဒေသနှင့် တိုင်းရင်းသားလူမျိုးဝိသေသလက္ခဏာကို မဏ္ဍိုင်ပြု၍ မိမိဒေသ မိမိလူမျိုးကောင်းကျိုးအတွက် ရပ်တည်သည့်ပါတီ၊ အစိုးရအာဏာရရေးရပ်တည်သည့်ပါတီ၊ ဝန်ကြီးအမတ်နေရာရရေး ရပ်တည်သည့်ပါတီ၊ အစိုးရကို ထိန်းကျောင်းရန် အတိုက်အခံသဘောရပ်တည်သည့်ပါတီနှင့် နိုင်ငံရေးပလက်ဖောင်းနေရာတစ်ခုခုအတွက် ရပ်တည်သည့်ပါတီတို့ကိုယေဘုယျအားဖြင့် တွေ့ရှိရသည်။

မည်သည့်ရပ်တည်မှုဖြင့် မတူကွဲပြားစွာ ဖွဲ့စည်းတည်ထောင်ထားကြသည်ဖြစ်စေ ပါတီများ၏တူညီသော ရည်မှန်းချက်သည် လူထုထောက်ခံမှုဖြင့် ရွေးကောက်ပွဲအနိုင်ရပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်တွင် ပါဝင်နိုင်ရန်ဖြစ်သည်။ ပါတီ၏နိုင်ငံရေးယုံကြည်ချက်၊ ပါတီ၏မူဝါဒ၊ ပါတီဖွဲ့စည်းပုံနှင့် စည်းမျဉ်း၊ ပါတီတွင်းအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု၊ ပါတီတွင်းစည်းလုံးညီညွတ်မှု၊ ပါတီဝင်အင်အားတိုးတက်ရရှိရေး၊ ပါတီ၏စည်းရုံးရေး စွမ်းရည်၊ ပါတီတာဝန်နှင့် နိုင်ငံ့တာဝန်၊ ပါတီအကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွား၊ လွှတ်တော်တွင်း နိုင်ငံရေးတာဝန်နှင့် လွှတ်တော်ပြင်ပနိုင်ငံရေးတာဝန်၊ ရွေးကောက်ပွဲအနိုင်ရရှိရေးနှင့် ပါတီရေရှည်အသက်ဝင်ရပ်တည်နိုင်ရေးစသည်တို့သည် ပါတီတစ်ရပ်ချင်းစီအပေါ်တွင် လူထုက အကဲဖြတ်မည့် နိုင်ငံရေးမှတ်ကျောက်များပင်ဖြစ်သည်။

လာမည့်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော လူထုကိုယ်စားပြုမှုကို မြင့်မားစွာဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း မိမိတို့ရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်ပေါ် မူတည်၍ အချိုးကျစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံကြရမည်ဖြစ်ရာ နိုင်ငံရေးပါတီများခိုင်မာအားကောင်းနေရန်နှင့် စည်းရုံးရေးစွမ်းရည်မြင့်မားနေရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပါသည်။

၂၃-၁-၂၀၂၃ ရက်နေ့ကကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “. . . . . မိမိတို့နိုင်ငံ၌ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်ဖြင့်သွားခဲ့ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ် အမြန်ဖြစ်ထွန်းနိုင်ရေး နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ကို လျှော့ပေါ့ပေးသကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူနိုင်ငံသားအားလုံး ဒီမိုကရေစီအတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများအရ ပါတီများပြားသော်လည်း လွှတ်တော်၌ ပါဝင်ခွင့်ရသည့်ပါတီမှာ နည်းပါးသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးပါတီများပြားပြီး ပါတီဝင်များအစုအဖွဲ့တစ်ခုအနေဖြင့်သာ လုပ်ဆောင်နိုင်သည်ကိုတွေ့ရကြောင်း၊ အဆိုပါအစုအဖွဲ့မှာ ငယ်နေမည်ဆိုပါက ဧရိယာအားဖြင့်၊ အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့်ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာဖြင့်၊ ထုထည်ဖြင့် ဖွဲ့စည်းနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းရန်လိုကြောင်း၊ ရွေ့လုပ်ငန်းစဉ်တွင် ပါရှိသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို အတည်ပြုနိုင်ရန်အတွက် သုံးသပ်ဆွေးနွေး အကြံပြုစေလိုကြောင်း. . . . .”ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်သည်။

အသစ်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ဆဲနိုင်ငံရေးပါတီများအနေဖြင့် ပါတီဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း (၂၆-၁-၂၀၂၃ ရက်နေ့မှ ၂၈-၃-၂၀၂၃ ရက်နေ့အတွင်း) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ အလိုအလျောက် ပျက်ပြယ်မည်ဖြစ်သည်။ နိုင်ငံရေးပါတီ တည်ထောင်ခွင့်အသစ် လျှောက်ထားလိုသူများအနေဖြင့်လည်း ၂၆-၁-၂၀၂၃ ရက်နေ့မှစ၍ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲမှသည် ယနေ့အချိန်အထိ နိုင်ငံရေးပါတီပေါင်း ၁၂၈ ပါတီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး လက်ရှိအချိန်ထိ နိုင်ငံရေးပါတီ ၉၁ ပါတီ တရားဝင်ရပ်တည်ဆဲဖြစ်သည်။ အများစုမှာ လွှတ်တော်သက်တမ်းနှစ်ဆက်တာကာလအတွင်း ရွေးကောက်ပွဲအတွေ့အကြုံနှင့် ပါတီ၏အခြေခံအရင်းအမြစ်များ ရှိထားပြီးဖြစ်လိမ့်မည်ဟုယူဆပါသည်။ ပါတီမှတ်ပုံတင်ခွင့်မရှိစေရ ပြဋ္ဌာန်းချက်များနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ ပြဋ္ဌာန်းချက်များကိုလည်း သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ပါတီလုပ်ငန်းများ စီမံအုပ်ချုပ်မှုကောင်းမွန်ခြင်း၊ ပါတီဝင်အင်အားများနိုင်သမျှ များများစုဆောင်းနိုင်ခြင်း၊ ပါတီရန်ပုံငွေတောင့်တင်းခိုင်မာခြင်းနှင့် ပါတီ၏စည်းရုံးရေးစွမ်းရည်မြင့်မားနေခြင်းတို့ပင် ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ပိုမိုအားကောင်းလာစေရန်၊ လာမည့် ရွေးကောက်ပွဲများတွင် ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ လက်ရှိနိုင်ငံရေးပါတီများ၏ ရပ်တည်မှုအခြေအနေနှင့် ကော်မရှင်က ပါတီများအားစစ်ဆေးတွေ့ရှိချက်များအရ ကျစ်လျစ်ပြီးခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်ထွန်းရန် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စိတ်ရင်းစေတနာမှန်ဖြင့် ပေါ်ထွက်လာမည့် နိုင်ငံရေးပါတီများကိုလည်း လူထုက မျှော်လင့်နေမည်ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီများသည် အသစ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ထိုက်သင့်သည့် ပါတီဝင်အင်အားစုဆောင်းရန်၊ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရှိသင့်သည့် ပါတီရန်ပုံငွေကြေးထားရှိရန်၊ ပါတီလုပ်ငန်းများစနစ်တကျ ဆောင်ရွက်မည့် ပါတီရုံးခန်းများဖွင့်လှစ်ရန်၊ ရွေးကောက်ပွဲတွင် ဥပဒေက သတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်တို့အတွက် အပြိုင်ကြိုးပမ်းနေကြရမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် စည်းရုံးရေးစွမ်းရည်ကောင်းကောင်းဖြင့် ပါတီဝင်အင်အားများနိုင်သမျှ များများစုဆောင်းနိုင်မှသာလျှင် ရွေးကောက်ပွဲတွင် မိမိပါတီကရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်အတိုင်း အခြေခံမဲနှင့် အကြွင်းမဲတွက်ချက်နည်းတို့အရ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးအမည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း ကျစ်လျစ်ခိုင်မာစွာဖြင့် စုစုစည်းစည်းဖြင့် ပါတီစည်းရုံးရေးစွမ်းအားကောင်းမွန်ခြင်းတို့ဖြင့် ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တို့တွင် ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးအာဏာကို မျှဝေကျင့်သုံးနိုင်မည့် အခွင့်အရေးများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးနိုင်ငံရေးပါတီများ ခိုင်မာအားကောင်းသည်နှင့်အမျှ ရွေးကောက်ပွဲယှဉ်ပြိုင်မှုမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက်သာမက ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်ပါ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကောင်းမြတ်သော အကျိုးသက်ရောက်မှုများ ရရှိလာလိမ့်မည်ဟု ပြည်သူတစ်ဦးအနေဖြင့် မျှော်လင့်သည်။

ကမ္ဘာ့ဒီမိုကရေစီ ဝါရင့်နိုင်ငံကြီးများမှာပင် ရွေးကောက်ပွဲတွင်အနိုင်ရ၍ မည်သည့်ပါတီက နိုင်ငံကို အုပ်ချုပ်ရသည်ဖြစ်စေ၊ အစိုးရကိုထိန်းကျောင်းပေးရသည့် အတိုက်အခံပါတီပင်ဖြစ်စေ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားကိုသာ တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်ကြသည့် နိုင်ငံရေးယဉ်ကျေးမှုအလေ့အထမျိုးကိုသာ ခံယူကျင့်သုံးကြလေသည်။ မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းဆဲ နိုင်ငံအနေဖြင့် နိုင်ငံတကာ အမြင်ကျယ်ကျယ်၊ အမျိုးသားနိုင်ငံရေး ဆင်ခြင်ဉာဏ်တို့ဖြင့် အတိတ်ကို သင်ခန်းစာယူ၊ ပစ္စုပ္ပန်ကိုမှန်ကန်စွာတည်ဆောက်ပြီး အနာဂတ်ကို တက်လှမ်းနိုင်ရန်ကြိုးပမ်းကြရမည်ဖြစ်သည်။ ပါတီစုံခေတ်တွင်ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရဖွဲ့နိုင်သည်ဖြစ်စေ၊ အစိုးရမဖွဲ့နိုင်သည်ဖြစ်စေ အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့်ပါတီများ ခိုင်မာအားကောင်းရန်လိုအပ်ပြီး ပြည်သူနှင့်တစ်သားတည်းရှိနေဖို့လည်း လိုအပ်သည်။ ရွေးကောက်ပွဲနီးလျှင် ပေါ်လာပြီး ရွေးကောက်ပွဲပြီးလျှင် ပျောက်ကွယ်သွားမည်ဆိုပါက ပြည်သူနှင့်ဝေးသည်ထက် ဝေးသွားပေလိမ့်မည်။ လူထုကလည်း ရွေးကောက်ပွဲတွင် ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့် မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန်လိုသည်။

သို့ဖြစ်ပါ၍ လာမည့်အနာဂတ်တွင် ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရဖွဲ့နိုင်မည်ဆိုလျှင်လည်း အမျိုးသားအကျိုးစီးပွားကိုဦးတည်သည့် ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုတို့ဖြင့် ပြည့်စုံနိုင်ကြစေရန်၊ ဒီမိုကရေစီသဘောအရ အတိုက်အခံပါတီအဖြစ် အစိုးရကို ထိန်းကျောင်းပေးကြရာတွင်လည်း ပြည်သူတို့၏ အကျိုးစီးပွားကိုသာ ရှေးရှုနိုင်ကြစေရန်အလို့ငှာ ပါတီစုံခေတ်တွင် ပြည်သူကိုကိုယ်စားပြုရမည့်ပါတီများ ခိုင်မာအားကောင်းရေးအတွက် မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ဆန္ဒပြုလျက် ဖော်ညွှန်းတင်ပြလိုက်ရပါသည်။

**ရည်ညွှန်းကိုးကား။**

- **တပ်မတော်သမိုင်း(စတုတ္ထတွဲ)မှ (အဋ္ဌမတွဲ)အထိ။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှတ်တမ်းများ**
- **မြန်မာနိုင်ငံရေးပါတီများ (၂၀၂၂)**
- **မြန်မာ့အလင်းသတင်းစာ (၂၄-၁-၂၀၂၃)**

**မဲဆန္ဒရှင်တစ်ဦး**

# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ကိန္နရာပန်းပုရုပ်များ အရောင်းသွက်နေ

**ပဲခူး မတ် ၆**

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကိန္နရာပန်းပုရုပ်များ ဝင်ရောက်လာပြီး အရောင်းသွက်နေကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေမော်ဓောစေတီတော်အနီး သီရိရတနာအောင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ကိန္နရာပန်းပုရုပ်များမှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်မှ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ် အရေအတွက် ၅၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီကိန္နရာပန်းပုရုပ်တွေက ဒီလဆန်းလောက်မှ ဈေးကွက်ထဲ ဝင်လာတာပါ။ ဆေးအပြီးခြယ်ထားပြီးတော့ လှပသေသပ်တဲ့အတွက် ဝယ်ယူသူများပါတယ်။ ဝယ်ယူသူအများစုကတော့ လက်ဆောင်ပေးဖို့ထက် ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ အလှထားဖို့ ဝယ်ယူကြတာများပါတယ်” ဟု ဒေါ်သီရိရတနာအောင်က ပြောပြသည်။

အဆိုပါ ကိန္နရာပန်းပုရုပ်များမှာ အမြင့် ၁၈ လက်မ အရွယ်အစားရှိပြီး ပန်းပုရုပ်တစ်ရုပ်လျှင် ငွေကျပ် ၈၀၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လက်တလောတွင် ပန်းပုရုပ် ၁၀ ရုပ်ခန့် ရောင်းချထားကြောင်း သိရသည်။

ASH



# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets senior officer instructors and senior officer trainees from Command and General Staff College


Senior General Min Aung Hlaing meets senior officer instructors and senior officer trainees from Command and General Staff College.

**Nay Pyi Taw March 6**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met with senior officer instructors and senior officer trainees from the Command and General Staff College in Kalaw and delivered a speech this afternoon.

Also present together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior officers from the Office of the Commander-in-Chief and wives, Eastern Command Commander Maj-Gen Hla Moe and the college principal.

**Make constant efforts without losing sight of aims and objectives**

In his speech, the Senior General stressed the need for individual trainees to achieve good results from their training, saying that everyone has their aims and expectations. Since childhood, everyone has their ambitions so they need to work hard without losing sight of them. Life-long efforts must be made to achieve one's aims. Officer trainees themselves have reached their current status thanks to their constant hard work. When they, as a one-step higher rank perform their duties, they need to cultivate the habit of taking notes of what they can do and what they should do. In doing so, they will not find it difficult to shoulder their duties in the practical field. They also need to consider things ahead to find a solution when confronting difficulties.

**Effectively apply the skills they were taught**

As all the officer trainees are the ones capable of commanding their battalions and units, they need to try to better improve their own units based on the skills and experiences they acquired from the training. When it comes to management, they have to engage in general staff, adjutant and quartermaster tasks. So, systematic study of management will lead to good experiences and application of them in other fields.

The Command and General Staff College is producing physically and mentally able senior officers so that they become tactical operation commanders and staff officers. As regards military training, the military skills they were taught must be effectively employed. They need to have good leadership skills. Leadership requires way of thinking and the skill to mobilize their subordinates so that they can also have capabilities.

**Build a unit systematically through training, administration and welfare**

All Tatmadaw members have received basic military training and completed training courses they deserved. So, it is necessary to assign duties to a right person in a right place. Constant training is required for improving skills of individuals. Commandants themselves need to lead training to ensure their soldiers have skills and qualifications. As such, correct training is necessary to ensure they have enduring training. Military units must be systematically built through training, administration and welfare.

Individual soldiers need to receive constant training to be able to shoulder their duties correctly. By doing so, the quality of the Tatmadaw will be higher with good military disciplines. Rations are being provided to for the nutrition of Tatmadaw members, so they need to consume them fully.

As it is the food with systematically calculated nutrient proportion, taking it properly will be helpful to personal fitness and training measures as well as to achieving success in assigned duties. The commander concerned needs to provide supervision in order that each of the other ranks and their families could fully enjoy their rights and benefits. Regarding their welfare, it is necessary to systematically carry out agriculture and livestock farming, and the expenditure is to be properly with the rules and regulations too. In running the agricultural and livestock farming, profit is not important, and the priority is given to the welfare for Tatmadaw members and their families only. Therefore, it is necessary to give priority to common welfare in the military-run agriculture and livestock farming. It is to encourage the agriculture and livestock business by Tatmadaw members' families on a manageable basis as much as possible because that will be helpful to their family expenses.

Regarding drinking and entertainment, it is necessary to limit yourself and officers and other ranks under your command as much as possible. Such behaviour of enjoying drinking and entertainment will be harmful to capabilities of the military unit under your command. Everyone had their own ambition for life. Efforts must be made to achieve the ambition. If we discharge our assigned duties with a sense of consideration and attentiveness, our assigned duties and mission will be accomplished.

**Build good spirit of soldiers under your command as man is fundamental**

As man is fundamental in doing any business, it is necessary to have a sense of spirit to discharge duties assigned and take measures to build a good spirit of the soldiers. More success will be achieved in missions if the soldiers under your command are always fit for duty and assigned duties to the right man, right place upon their individual capabilities and abilities. Regarding administration, rights and benefits of the soldiers under your command are to be provided properly through controlling yourself and your people. Consideration must be made in many ways to be able to find a solution to fulfill the needs of your people. If military discipline and administrative support are good through doing so, spirituality will be good and firm. Therefore, efforts must be made to become successful leaders. For individual development, studies and efforts are to be made as strong studies are helpful to conceiving ideas and inspiration. If commanders' individual abilities and capabilities are good, the capabilities of units and forces will be high, which means the entire Tatmadaw will be higher in capabilities.


Senior General Min Aung Hlaing has lunch together with senior officer instructors and senior officer trainees from Command and General Staff College.

Then, the Senior General and party cordially greeted the senior officer instructors and senior officer trainees.

In the afternoon, the Senior General and party had lunch together with senior officer instructors and senior officer trainees of the Command and General Staff College.100

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Kalaw Station



Senior General Min Aung Hlaing meets officers, other ranks and families from Kalaw Station.

**Nay Pyi Taw March 6**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of Kalaw Station, Eastern Command HQ, at the station hall this afternoon.

Present together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office Commander-in-Chief and their wives, Eastern Command Commander Maj-Gen Hla Moe and officials.

**Physical fitness and spiritual health necessary**

In his address, the Senior General said Tatmadaw must be dutiful in shouldering its main tasks -- national security, defence, safeguarding life and property of citizens. Officers and other ranks need to have physical fitness and spiritual health to be dutiful. They must show their dutifulness in shouldering their task and nurture good conviction in life. They should show no hesitation in carrying out a mission.

Activeness in shouldering the duties is much supportive of career development. Health awareness should be a priority in their daily life. Will a person work well and pursue education only if he is healthy. They should encourage the health of their families while pursuing a healthy life. Health and fitness serves as a support for life. They must stay healthy as ill health can be followed by a lot of material and spiritual losses.

Tatmadaw is producing farm products including tissue bananas to support the health and nutrition of soldiers and families. As individual health is important, physical fitness and spiritual health is also a priority for every person.

**Good morale and discipline plus systematization**

Soldiers must be fit and healthy to ensure military readiness. In a battle, they must apply their learned military tactics effectively and fight fearlessly. Military personnel are assigned according to their ranks. Every individual must attend higher level courses step by step based on his ability, years of service, and outstanding performances. Soldiers are being trained individually to become dutiful.



Senior General Min Aung Hlaing asks after the health of a patient.

Soldiers must be disciplined and well organized. As discipline is an obligation to ensure uniformed appearances and actions, it must be observed. Adoption of military and civilian discipline is for having orderly arrangements and efficiency. Discipline must be controlled through position-wise and sector-wise supervision. Soldiers must be obedient to observe rules. Tatmadaw is strengthened by its discipline and obeisance.

All Tatmadaw members have possessed good morals. Hence, they are to try hard to strengthen the morals individually. Doing any measures, man matter most, and results depend on their hardworking. So, all Tatmadaw members have to cement individual morals. Those who try to improve capacity of the Tatmadaw are Tatmadaw members. Only when individual capacity of Tatmadaw members is higher will the whole unit improve as well as will the whole Tatmadaw have higher capacity. The defence capacity of the State will also be higher.

**Welfare and education promotion of military families**

Military own agriculture and livestock farms are being operated for better food supply and welfare of the Tatmadaw members and families. It is necessary to successfully carry out military own agriculture and livestock tasks as well as manageable scale agriculture and livestock tasks as much as possible.

In the near future, students will complete learning of basic education and the summer school holidays fall. Tatmadaw will conduct maritime youth and aviation youth courses. Other summer courses such as culture courses and other charity courses will be conducted and arrangements will be made for students to re-learn school education for those students to efficiently use the summer holidays. Moreover, Tatmadaw members and their offspring are to read general knowledge. If so, reading will contribute to improvement of their lives on one hand.

**Presenting foodstuffs and cash award**

The Senior General presented foodstuffs for officers, other ranks and families through the station commander whereas the wife of the Senior General gave foodstuffs for the station maternal and child welfare association through the wife of the station commander.

After the meeting, the Senior General and party cordially greeted the officers, other ranks and families and fulfilled their needs.

**Cordially asking after health conditions of officers, other ranks and families as well as people receiving medical treatment at hospital**

On arrival at the local military hospital in Aungban, the Senior General and party were welcomed by Commandant of the hospital Brig-Gen Saw Yan Naing, specialists, medical officers and officials. *See Page 14*



Daw Kyu Kyu Hla presents gift to a patient.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Special Envoy for Asian Affairs H.E. Mr. Deng Xijun of Ministry of Foreign Affairs of China


Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Special Envoy for Asian Affairs H.E. Mr. Deng Xijun.

**Nay Pyi Taw March 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Special Envoy for Asian Affairs H.E. Mr. Deng Xijun of Ministry of Foreign Affairs of China at the parlour of the Office of the Chairman of the SAC in Nay Pyi Taw this morning.

During the call, they warmly discussed peace negotiations with ethnic armed organizations for domestic stability, China's assistance for the peace process, the need to cooperate for prevention of narcotic drugs, recovery of trade and commodity flow between the two countries, measures taken for stability in border areas, development of friendship and cooperation between the two countries, the need to further promote economic and multi-sectoral cooperation between the two countries, political developments in Myanmar and international affairs and regional stability.

Also present at the call together with the Senior General were Joint Secretary Lt-Gen Ye Win Oo of the SAC, Union Minister for Foreign Affairs U Than Swe and officials and the special envoy was accompanied by officials from the Embassy of China to Myanmar. 100

---

*From Page 13*

The commandant reported on progress of military building at the hospital, healthcare services for officers, other ranks and families as well as local people, preparations for prevention, control and treatment of Covid-19, operation of military own and managebale scale agriculture and livestock farms to do welfare tasks for officers, other ranks and families, and requirements. The Senior General gave necessary guidance and fulfilled the needs.

The Senior General and party cordially conversed with officers, other ranks and local people's militia troops receiving medical treatment for their injuries they suffer from while serving State defence and security duties and presented foodstuffs to them.

Likewise, the wife of the Senior General individually encouraged families of officers and other ranks receiving medical treatments at the infant baby medical ward and presented foodstuffs.

Then, the Senior General and party viewed round the radiation medical ward and the cancer surgery ward and gave instructions over the reports of officials. 100



Senior General Min Aung Hlaing hears report on types of medical treatment provided by local military hospital in Aungban.

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## C-130J လေယာဉ်ဖြင့် HIMARS အတွဲလိုက်ဒုံးကျည်စနစ်များ သယ်ဆောင်တပ်ဖြန့်ရန် ဩစတြေးလျ စဉ်းစား



ဩစတြေးလျနိုင်ငံသည် Lockheed Martin ထုတ် C-130J သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် HIMARS အတွဲလိုက် ဒုံးကျည်စနစ်များကို သယ်ဆောင်တပ်ဖြန့်နိုင်ရန် စဉ်းစားနေကြောင်း Defense Post ၌ မတ် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

ထရပ်ကားတွင် တပ်ဆင်ထားသော ဒုံးကျည်စနစ်သည် လေယာဉ်အတွင်း အံဝင်ခွင်ကျတင်ဆောင်နိုင်သောစွမ်းရည်သည် ပြီးခဲ့သည့် ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံမှ HIMARS ဒုံးကျည်စနစ်များကို ဝယ်ယူရခြင်း၏ အကြောင်းရင်းများထဲမှ တစ်ခုဖြစ်သည်ဟု Lockheed Martin ကိုယ်စားလှယ်က မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံသည် ဇန်နဝါရီလတွင် HIMARS အတွဲလိုက် ဒုံးကျည်စနစ်အစင်း ၂၀ ကို ခန့်မှန်းခြေဒေါ်လာ ၃၈၅ သန်းဖြင့် ဝယ်ယူခဲ့သည်။ နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် လက်နက်စနစ်လွှဲပြောင်းလက်ခံမှုကို စတင်ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

"ဒါဟာ သူတို့ရဲ့ ဦးစားပေးလိုအပ်ချက်တွေထဲကတစ်ခုပါပဲ"ဟု မဲလ်ဘုန်းမြို့အပြင်ဘက်ရှိ Avalon Airshow လေကြောင်းပြပွဲတွင် Lockheed Martin ၏ ဈေးကွက်မန်နေဂျာ Wayne Harrison ပြောကြားသည်ကိုကိုးကား၍ Flight Global သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

လျင်မြန်စွာလေ့ကျင့်မှုတွင် အလေးချိန် ငါးတန်ရှိသော Lockheed Martin ထုတ် အဆိုပါလက်နက်စနစ်ကို တပ်ဖွဲ့ဝင်သုံးဦးနှင့် လေယာဉ်ပေါ်မှ အောက်သို့ချခြင်းပါဝင်ကြောင်း သတင်းမီဒီယာက ရှင်းပြခဲ့သည်။

ထို့နောက် တပ်ဖွဲ့ဝင်များက ကြိုတင်သတ်မှတ်ထားသောပစ်မှတ်များကို တိုက်ခိုက်ပစ်ခတ်ရန်အတွက် ၎င်းကို လေယာဉ်ပြေးလမ်း၏ ဆန့်ကျင်ဘက်အဆုံးဆီသို့ မောင်းနှင်သွားခဲ့ကြပြီး လေယာဉ်ကလည်း ပစ်ပြီး ပြန်သယ်ဆောင်၍ ပျံတက်သွားရန် အသင့်အနေအထားဖြင့် ပြေးလမ်းပေါ်တွင် ရပ်နားထားခြင်းမျိုးဖြစ်သည်။

ထို့နောက် တိုက်ပွဲဝင်လုပ်ဆောင်မှုအတွင်း ၁၀ မိနစ်မပြည့်မီ HIMARS ဒုံးကျည်စနစ်များနှင့် C-130J လေယာဉ်သည် ၎င်းစနစ်များကို ပြန်လည်တင်ဆောင်၍ ပျံတက်ရန်အတွက် လေစုန်တွင် တွေ့ဆုံကြမည်ဖြစ်သည်။

**Australia Considering HI-MARS 'Fire Raid' with C-130J Transport Aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

## စပိန်နိုင်ငံ ARQUIMEA ကုမ္ပဏီက Q-SLAM-40 တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသ

စပိန်ကုမ္ပဏီ ARQUIMEA သည် အာရပ်စော်ဘွားများပြည်ထောင်စု၊ Abu Dhabi မြို့တွင် ကျင်းပနေသည့် နိုင်ငံတကာ ကာကွယ်ရေးပြပွဲ ID-EX 2023 တွင် ၎င်း၏ ပြီးပြည့်စုံသော လက်နက်စနစ် Q-SLAM-40 တိုက်ခိုက်ရေးဒရုန်းကို မတ် ၄ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်။

Q-SLAM-40 တိုက်ခိုက်ရေးဒရုန်းသည် ဘေးကင်းလုံခြုံပြီး ထိရောက်သော တာတိုမစ်ရှင်များကို လုပ်ဆောင်ရန် ဒီဇိုင်းထုတ်ထားသည့် ပေါ့ပေါ့ပါးပါးလက်နက်စနစ်တစ်ခုလည်းဖြစ်သည်။ စပိန်ကုမ္ပဏီ ARQUIMEA က အပြည့်အဝဒီဇိုင်းထုတ်လုပ်ထားသော Q-SLAM-40 သည် ဥရောပထုတ် ထူးခြားသော ထုတ်ကုန်တစ်ခုလည်းဖြစ်သည်။

Q-SLAM-40 သည် ဘေးကင်းစိတ်ချရသောပတ်ဝန်းကျင်တွင် ထိရောက်စွာ ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ ထောက်လှမ်းခြင်း၊ ပစ်မှတ်စိစစ်ခွဲခြားခြင်းသို့မဟုတ် စစ်မြေပြင်ပျက်စီးဆုံးရှုံးမှုအကဲဖြတ်ဆန်းစစ်ခြင်း အပါအဝင် အမျိုးမျိုးသော တာတိုပျံသန်းရေး၊ စစ်ဆင်ရေးအမျိုးအစားများကို လုပ်ဆောင်ရန် ဒီဇိုင်းထုတ်ထားသည့် နည်းဗျူဟာမြောက် Loitering System စနစ်တစ်ခုဖြစ်သည်။ Loitering လက်နက်စနစ်သည် ရှေ့တန်းစစ်မြေပြင်တွင် ပုံသေခံစစ်နေရာများမှ ရှုပ်ထွေးသော စစ်မြေပြင်ပတ်ဝန်းကျင်အခြေအနေများကြားမှ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။

Q-SLAM-40 သည် ပေါ့ပေါ့ပါးပါးကျောပိုးအိတ်ထဲထည့်၍ သယ်ဆောင်ကာ တပ်သားနှစ်ဦးတည်းဖြင့် လုပ်ဆောင်နိုင်သည်။ အလွယ်တကူသယ်ဆောင်နိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိစွာ အကြမ်းခံနိုင်သော လေထဲတွင်ကြာရှည်ခံသည့်စနစ်ဖြစ်သည်။ လျင်မြန်စွာတုံ့ပြန်နိုင်မှုကို သေချာစေရန် စနစ်ကို လိုအပ်သည့်နေရာတိုင်းတွင် ငါးမိနစ်အတွင်း တပ်ဖြန့်အသုံးပြုနိုင်သည်။

Q-SLAM-40 တွင် ဒရုန်းနှင့် ဒရုန်းပစ်လွှတ်ရန် Tube Launcher Station ပစ်လွှတ်စင်တို့ ပါဝင်ဖွဲ့စည်းထားသည်။ Q-SLAM-40 သည် အော်ပရေတာဖြင့် ထိန်းကျောင်းလုပ်ဆောင်သည့် Piloted Flight Mode တွင် GPS-ကင်းမဲ့ (ငြင်းဆို)ဧရိယာများ ဖြစ်နေလင့်ကစား ရည်မှန်းချက်တာဝန်ကို အပြည့်အဝထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်း၏သေးငယ်သောအရွယ်အစားနှင့် တိတ်ဆိတ်သော အီလက်ထရွန်နစ်မော်တာအသုံးပြုထားမှုသည် အနီးကပ်အကွာအဝေး၌တွင်ပင် တစ်ဖက်သူက ဒရုန်းကို ရှာဖွေဖော်ထုတ်ရန်၊ စိစစ်ခွဲခြားရန်နှင့် ခြေရာခံရန်အလွန်ခက်ခဲစေသည်။ အဆိုပါစနစ်တွင် အဆင့်မြင့် လေကြောင်းလမ်းညွှန်မှု၊ လမ်းကြောင်းပြစနစ်များနှင့် Payload ထိန်းချုပ်မှုတို့ အသုံးပြုထားသည်။ ၎င်းသည် မြန်နှုန်းမြင့် ဒစ်ဂျစ်တယ်စနစ် ကုဒ်ဝှက်ထားသော လားရာနှစ်မျိုးသုံးလမ်းညွှန်ဒေတာလင့်ခ်များဖြင့် အပြည့်အဝပေါင်းစပ်ထားသော စနစ်တစ်ခုဖြစ်သည်။




**ARQUIMEA from Spain unveils its Q-SLAM-40 loitering munition ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံကပြုလုပ်မည့် ကမ်းတက်စစ်ဆင်ရေးပုံစံများ သဏ္ဌာန်တူလေ့ကျင့်မှု တရုတ်(တိုင်ပေ) ပြုလုပ်သွားမည်

တရုတ်(တိုင်ပေ) စစ်ဘက်သည် အနာဂတ်လက်နက်ကိုင်ပဋိပက္ခ ကြိုတင်ပြင်ဆင်ရန်အတွက် ကမ်းခြေပေါ်တွင် တရုတ်နိုင်ငံဘက်က ပြုလုပ်မည့် ကုန်းရေနှစ်သွယ် ကမ်းတက်စစ်ဆင်ရေးပုံစံများ သဏ္ဌာန်တူလေ့ကျင့်ပြုလုပ်သွားမည်ဟု နိုင်ငံပိုင်သတင်းရင်းမြစ်များကိုကိုးကား၍ www.thedefensepost.com သတင်းဌာနက မတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပထမဆုံး စစ်ရေးလေ့ကျင့်မှုများကို လာမည့်သီတင်းပတ်အတွင်း မြောက်ဘက်ရှိ Zhuwei ကမ်းခြေငါးဖမ်းဆိပ်ကမ်းများနှင့် အရှေ့တောင်ဘက်ရှိ Zhiben ကမ်းခြေအနီးတွင် ပြုလုပ်မည်ဖြစ်သည်။



နိုင်ငံ၏ အမှတ်(၁၅၁) ကုန်းရေနှစ်သွယ် ရေယာဉ်စုက ထိုးစစ်နှင့် ခံစစ်နည်းဗျူဟာများပါရှိမည့် စစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်သွားမည်ဖြစ်သည်။

နောက်ထပ်စစ်ရေးလေ့ကျင့်မှုများကို ယခုလနှောင်းပိုင်းတွင် တရုတ်(တိုင်ပေ) အနောက်တောင်ဘက်ပင်လယ်ရေပြင်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပင်လယ်ပြင်တွင် လျင်မြန်စွာ မိုင်းခင်းခြင်းနှင့် မိုင်းရှင်းလင်းခြင်းများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုများကို ဦးဆောင်ရန် တရုတ်(တိုင်ပေ)အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက အမှတ်(၁၉၂) စစ်ရေယာဉ်စုကို ညွှန်ကြားထားသည်။

တရုတ်(တိုင်ပေ)တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အနေဖြင့် ကုန်းရေနှစ်သွယ်ကမ်းတက်စစ်ဆင်ရေးဖြင့် ကျူးကျော်သိမ်းပိုက်ရန် အသုံးပြုနိုင်ဖွယ်ရှိသည့် ဖြစ်နိုင်ခြေရှိသော ကမ်းခြေ ၁၄ ခုရှိကြောင်း စစ်ရေးလေ့လာသုံးသပ်သူနှင့် ကျွမ်းကျင်သူအများအပြားက သတိပေးထားသည်။

အနီးရောင်ကမ်းခြေများ တပ်လှန့်သတိပေးမှည့်ခေါ်ထားသည့် ကမ်းခြေများတွင် မဟာဗျူဟာမြောက်အရေးပါသော နေရာများပါရှိပြီး Jinshan (မြောက်)၊ Jinshan (တောင်)၊ Linkou၊ Fulong၊ Zhuangwei၊ Luodong နှင့် Linyuan ကမ်းခြေတို့ဖြစ်သည်။

အနောက်ဘက်ရှိ Taichung ကမ်းခြေသည် ဆိပ်ကမ်းတစ်ခုနှင့်လေဆိပ်နှစ်ခုရှိပြီး စစ်ဗျူဟာအရေးကြီးနေရာများဟု သတ်မှတ်ထားနိုင်သော ကုန်းမြင့်များနှင့် တောင်များ ဝန်းရံထားသောကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အတွက် ကနဦးပစ်မှတ်တစ်ခုဖြစ်နိုင်သည်။

ကမ်းခြေမှ ကမ်းတက်စစ်ဆင်ရေးနှင့်အတူ မြို့တော်ကိုသိမ်းပိုက်ပြီးသည်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် တရုတ်(တိုင်ပေ) ကျွန်းနိုင်ငံကို နှစ်ပိုင်းခွဲကာ နိုင်ငံ၏ မြောက်နှင့် တောင်ဘက်ရှိ အဓိကတပ်ဖွဲ့များကြား ချိတ်ဆက်မှုကို ဖြတ်တောက်နိုင်သည်။

တရုတ်(တိုင်ပေ)သည် တရုတ်ဘက်မှ ကျူးကျော်လာနိုင်မှုကို ခုခံကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်ရန်အတွက် သဏ္ဌာန်တူလေ့ကျင့်မှုပြုလုပ်ခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ကြောင်း သိရသည်။

**Taiwan to Simulate Chinese Amphibious Landings, Counter-attacks ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို ယနေ့မွန်းလွဲပိုင်းတွင် ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

## ရည်မှန်းချက်နှင့် မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သင်တန်းများတွင် ရလဒ်ကောင်းမွန်ရေးအတွက် တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုများ လိုအပ်မည်ဖြစ်ကြောင်း၊ **လူသားတိုင်းသည် မျှော်လင့်ချက်၊ ရည်ရွယ်ချက်များကိုယ်စီရှိ**ကြကြောင်း၊ **ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် မျှော်မှန်းချက်များရှိကြပြီး မိမိတို့၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေးစဉ်ဆက်မပြတ် ကြိုးစား အားထုတ်ကြရမည်ဖြစ်**ကြောင်း၊ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရေး ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးပမ်း အားထုတ်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားအရာရှိကြီးများအနေဖြင့် ယခုအဆင့်ရာထူးထိ ရောက်ရှိခဲ့ခြင်းမှာလည်း စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများကြောင့်သာလျှင်ဖြစ်ကြောင်း၊ **တစ်ဆင့်မြင့် ရာထူးတာဝန်များကို ထမ်းဆောင်ရမည့်အချိန်တွင် လုပ်ဆောင်နိုင်မည့်အရာများ၊ လုပ်ဆောင်သင့်သည်များကို မှတ်စုရေးမှတ်ထားရှိတတ်သည့် အလေ့အကျင့်ကောင်းမွေးမြူရန်နှင့် အမှန်တကယ်တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် မိမိမှတ်သားထားသည်များနှင့် ချိန်ထိုးသုံးသပ်လုပ်ဆောင်ပါက အခက်အခဲမရှိ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်**ကြောင်း၊ ကြုံတွေ့လာရနိုင်သည့် အခက်အခဲများကို မည်သို့မည်ပုံ ဖြေရှင်းဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထားရန်လိုကြောင်း။

## လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်လို

သင်တန်းသားအရာရှိကြီးများအားလုံးသည် တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီးများဖြစ်ကြသည့်နည်းတူ သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ယခုသင်တန်းမှ သင်ကြားခဲ့ရသည့် ပညာရပ်များဖြင့် ချိန်ထိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ရင်းတစ်ရင်း၏စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်လုပ်ငန်းရပ်များကို ဆောင်ရွက်ရခြင်းဖြစ်ပြီး တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလေ့လာ၍ ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း။

စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့်ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး ဗျူဟာမှူးကောင်း၊ ဦးစီးအရာရှိကောင်းများဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်၍လည်း သင်ကြားပေးလိုက်သည့် စစ်ပညာများကို အသုံးချရန်လိုကြောင်း၊ **မည်သည့်အလုပ်ကိုဆောင်ရွက်သည်ဖြစ်စေ လုပ်ဆောင်နိုင်သည့်အားတစ်ခု လိုအပ်**ကြောင်း၊ **ခေါင်းဆောင်မှုစွမ်းပကား၊ လုပ်နိုင်သည့်စွမ်းပကားများ ရှိရန်လို**ကြောင်း၊ **ခေါင်းဆောင်မှုစွမ်းပကားတွင် စဉ်းစားဆောင်ရွက်ရသည့် စွမ်းအားလိုအပ်ပြီး လက်အောက်ကို စုစည်းသည့်အားရရှိအောင် ဆောင်ရွက်ပေးရခြင်းဖြစ်**ကြောင်း၊ မိမိလက်အောက်ရှိ တပ်အင်အားစုကို စွမ်းရည်ရှိအောင် မည်ကဲ့သို့စုဖွဲ့မည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**မည်သည့်အလုပ်ကိုဆောင်ရွက်သည်ဖြစ်စေ လုပ်ဆောင်နိုင်သည့်အားတစ်ခု လိုအပ်၊ ခေါင်းဆောင်မှုစွမ်းပကား၊ လုပ်နိုင်သည့်စွမ်းပကားများ ရှိရန်လို၊ ခေါင်းဆောင်မှုစွမ်းပကားတွင် စဉ်းစားဆောင်ရွက်ရသည့် စွမ်းအားလိုအပ်ပြီး လက်အောက်ကို စုစည်းသည့်အားရရှိအောင် ဆောင်ရွက်ပေးရခြင်းဖြစ်. . .**

**မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ လူသာလျှင်ပဓာနဆိုသည့်အတိုင်း ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လိုသည့် စိတ်ရှိရန်လို. . .**

## လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ဦးဆောင်ရသည့်တပ်ကို စနစ်ကျစွာတည်ဆောက်

တပ်မတော်သားများ အားလုံးသည် အခြေခံစစ်ပညာ သင်တန်းများကို သင်ကြားခဲ့ရပြီးဖြစ်ပြီး အဆင့်နှင့်လျော်ညီသည့် သင်တန်းများကိုလည်း တက်ရောက်သင်ကြားကြရကြောင်း၊ စစ်သည်တစ်ဦးချင်းစီကို အဆင့်နှင့်လျော်ညီသည့် လုပ်ငန်းတာဝန်များကို လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရမည် ဖြစ်ကြောင်း၊ **တစ်ဦးချင်း၏ အရည်အချင်းများ ပြည့်ဝနေစေရေး အမြဲမပြတ်လေ့ကျင့်ပေးနေရမည်ဖြစ်**ကြောင်း၊ မိမိတို့တပ်ရှိ စစ်သည်များ အရည်အချင်းပြည့်ဝနေစေရေး တပ်မှူးများဖြစ်သည့် မိမိတို့ကိုယ်တိုင် ဦးဆောင်၍ လေ့ကျင့်သင်ကြားပေးမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ **လေ့ကျင့်သားပြည့်ဝလာစေရန် မှန်ကန်သည့် လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးရန်လို**ကြောင်း၊ **လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ဦးဆောင်ရသည့်တပ်ကို စွမ်းရည်ရှိပြီး စနစ်ကျသည့်တပ်များဖြစ်အောင် တည်ဆောက်ရန်လို**ကြောင်း။

စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်စေခြင်းဖြင့် အမြဲမပြတ်လေ့ကျင့်ပေးနေရန်လိုကြောင်း၊ ထိုကဲ့သို့ သမားစဉ်လုပ်ငန်းများတွင် ပါဝင်သည့် လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်စေခြင်းအားဖြင့် တပ်၏အရည်အသွေးနှင့် စစ်စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ **တပ်မတော်သားများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် ရိက္ခာများကို သတ်မှတ်နှုန်းထားများအလိုက် ထုတ်ပေးလျက်ရှိသဖြင့် စစ်သည်များအနေဖြင့် ပြည့်ဝစွာ စားသုံးရန်လို**အပ်ကြောင်း၊ အာဟာရပါဝင်မှု အချိုးအစားများကို စနစ်တကျတွက်ချက်ပြီး ထုတ်ပေးထားသည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်နှင့် ပြည့်ဝစွာစားသုံးမည်ဆိုပါက လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို ဆောင်ရွက်မှုနှင့် ကျန်းမာကြံ့ခိုင်မှုကို အထောက်အကူပြုစေမည်ဖြစ်ပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကွပ်ကဲကြပ်မတ်ရသည့် တပ်မှူးများအနေဖြင့်လည်း စစ်သည်တစ်ဦးချင်း၊ မိသားစုတစ်စုချင်း ရပိုင်ခွင့်များနှင့် ရသင့်ရထိုက်သည်များပြည့်ဝစွာ ရရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်များ အားလုံး၏ ရပိုင်ခွင့်များ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်၏ သက်ချောင်ချိရေး လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးရန်လိုပြီး ငွေကြေးသုံးစွဲမှုများ မှန်ကန်မှုရှိစေရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကျိုးအမြတ်ကို အဓိကမထားဘဲ စစ်သည်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက်သာ ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများသက်သာချောင်ချိရေး အတွက် ထိရောက်သည့်လုပ်ငန်းများကို ဦးစားပေး အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိသားစုများ၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးကိုလည်း မိသားစုများ၏ ဆန္ဒအလျောက် တတ်နိုင်သရွေ့ ဆောင်ရွက်နိုင်ရေး အားပေးကြရမည်ဖြစ်ပြီး ၎င်းတို့မိသားစုတစ်စုချင်းစီ၏ စားရေးနှင့် စားရေးအတွက် ငွေကြေးသုံးစွဲရမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိကိုယ်တိုင်နှင့် လက်အောက်ရှိ အရာရှိ၊ စစ်သည်များ၏ အသောက်အစား အပျော်အပါးလိုက်စားမှုများကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ **အသောက်အစားအပျော်အပါးမှတစ်ဆင့် မိမိကိုယ်တိုင်နှင့် မိမိဦးဆောင်ရသည့် တပ်၏ စွမ်းရည်ကိုထိခိုက်နိုင်**ကြောင်း၊ လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေး အတွက် ရည်မှန်းချက်များရှိကြကြောင်း၊ ရည်မှန်းချက်များ **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun ကို လက်ခံတွေ့ဆုံစဉ်။

၂၂ **ရှေ့ဖုံးမှအဆက်**

ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။

ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် လုပ်ငန်းအောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး လေ့လာမှုအားကောင်းမှသာလျှင် တွေ့ခေါ်ကြုံဆမှုများ ကောင်းမွန်မည်ဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်း ဘဝတိုးတက်ရေးအတွက် လေ့လာအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တပ်မှူးများ တစ်ဦးတစ်ယောက်ချင်းစီ၏ ဦးဆောင်မှုနှင့် စွမ်းဆောင်မှုများကောင်းမွန်ပါက တပ်များ၏ အရည်အသွေးများ မြင့်မားလာမည်ဖြစ်ပြီး တပ်မတော်တစ်ရပ်လုံးသည်လည်း စွမ်းရည်မြင့်မားလာစေမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသည့် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ

**စာမျက်နှာ ၁၈ မှအဆက်**

ဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

**လူသားလျှင်ပဓာနဖြစ်သည့်အတွက် မိမိဦးဆောင်ရသည့် စစ်သည်များ၏ စိတ်ဓာတ်ကောင်းမွန်အောင်တည်ဆောက်**

**မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ လူသားလျှင်ပဓာနဆိုသည့်အတိုင်း ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လိုသည့် စိတ်ရှိရန်လို**ကြောင်း၊ စစ်သည်များ၏ စိတ်ဓာတ်များကောင်းမွန်အောင် တည်ဆောက်ရန်လိုကြောင်း၊ စစ်သည်များ လူမှန်နေရာမှန်ဖြစ်ပြီး ပေးအပ်လာသည့်လုပ်ငန်းတာဝန်များကို တစ်ဦးချင်းစီ၏ အရည်အချင်းနှင့် လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ ၎င်းတို့နှင့် သင့်တော်သည့် လုပ်ငန်းတာဝန်များကို နေရာမှန်တာဝန်ပေးအပ်နိုင်ရေး၊ တာဝန်ထမ်းဆောင်ရန် အမြဲအသင့်ဖြစ်စေရေး (Fit for Duty) ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ **အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မိမိကိုယ်ကိုထိန်းသိမ်းသကဲ့သို့ လက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကာ ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်**ကြောင်း၊ လက်အောက်၏ လိုအပ်ချက်ကို မိမိဖြေရှင်း၍ရသည့် နည်းလမ်းပေါင်းစုံဖြင့်ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်

> တပ်မတော်သားများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် ရိက္ခာများကို သတ်မှတ်နှုန်းထားများအလိုက် ထုတ်ပေးလျက်ရှိသဖြင့် စစ်သည်များအနေဖြင့် ပြည့်ဝစွာ စားသုံးရန်လို...
>
> စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အကျိုးအမြတ်ကို အဓိကမထားဘဲ စစ်သည်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက်သာ ဦးစားပေး ဆောင်ရွက်နေခြင်းဖြစ်...

သည် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပညာသင်ထောက်ပံ့ကြေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၆**

နိုင်ငံတော်အစိုးရက စီစဉ်ပေးအပ်လျက်ရှိသည့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးနေသည့် ပညာသင်ထောက်ပံ့ကြေးပေးအပ်နေသည့်ကိစ္စသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရေရှည်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပညာသင်ထောက်ပံ့ကြေးကိစ္စ ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် နည်းပညာနှင့် သက်မွေးပညာရပ်ကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက်တွင် သတ်မှတ်ထားသည့် ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် "မူ"၊ စိစစ်ရွေးချယ်မှုဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့်အညီ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှု၊ ဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေများအပေါ် အကြံပြုဆွေးနွေးပေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ပညာသင်ထောက်ပံ့ကြေးပေးအပ်လျက်ရှိသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံပညာကျောင်း၊ သင်တန်းကျောင်းများ၏ အခြေအနေများကိုလည်းကောင်း၊ တစ်ပြေးညီဖြစ်သင့်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များဆိုင်ရာကိစ္စ၊ စိစစ်ရွေးချယ်ပေးအပ်သင့်သည့် အရေအတွက်၊ နှုန်းထား သတ်မှတ်ပေးရေး စသည်တို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် မတ် ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

➢ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြုဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၂ ခုနှစ် ဂျူလိုင် ၁ ရက်မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➢ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်တိုအတွင်း မြန်ဆန်စွာရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

➢ ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အပြီး မပျက်မကွက်ပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

➢ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၇ / ၂၀၂၄**

၁၃၈၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်
(၂၀၂၄ ခုနှစ် မတ်လ ၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ ဝန်ကြီးဌာနသည် အောက်ပါအချက်တစ်ချက်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်-

(က) လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရရှိသူသည် ယင်းလက်မှတ်ကို ရရှိရန် မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ လျှောက်ထားခဲ့ခြင်း၊

(ခ) ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်း တွေ့ရှိခြင်း။"

၃။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာနှင့်စပ်လျဉ်း၍ တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။"

၄။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်သည်နှင့်တစ်ပြိုင်နက် ရဲအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက အာဏာအပ်နှင်းထားသော အခြားသူတစ်ဦးဦးသည် ယင်းတရားမဝင်ထုတ်ဝေစာများကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ သိမ်းယူနိုင်သည်။"

၅။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော"ဆိုသည့် စကားရပ်ကို "ထုတ်ဝေသူသည် ၎င်းထုတ်ဝေသော"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရှိရင်းစွဲနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် မတ် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဗီနေးကူးမားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ အချိန်မီပြီးစီးရေးနှင့်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဗီနေးကူးမားကို လက်ခံတွေ့ဆုံစဉ်။**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ မျက်စိခွဲစိတ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်



**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) အထူးကုဆေးအဖွဲ့မှ တာဝန်ရှိသူများက မျက်စိခွဲစိတ်လူနာတစ်ဦးကို မျက်မှန်များ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် မျက်စိအထောက်အကူပြုဆေးပစ္စည်းများ ပေးအပ်စဉ်။**

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက်ကလပ်ကျေးရွာအုပ်စု သပြုချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ၁၁ ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီးခွဲစိတ်လူနာများကို မျက်မှန်များ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် မျက်စိအထောက်အကူပြု ဆေးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ မျက်စိခွဲစိတ်လူနာများကို သပြုချိုင်ကျေးရွာသို့ပြန်လည်ပို့ဆောင်ပေးသည်။၎င်းနောက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သပြုချိုင်ကျေးရွာမှ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာသို့ ဆက်လက်ထွက်ခွာကြသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်မအနေနဲ့ အခုလို မျက်စိခွဲစိတ်ကုသပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ပျော်လည်းပျော်တယ်။အခုလို ကုသပေးတဲ့အတွက် ခလုတ်မထိ ဆူးမငြိပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ အရင်က မျက်စိတစ်လုံးကကွယ်နေတာ အခုတော့ ပြန်မြင်လို့ ဝမ်းသာပါတယ်။ ကိုယ့်ကို ကုသပေးတဲ့ ဆရာ၊ ဆရာမတွေကို မြင်ရတော့ ဝမ်းသာမိပါတယ်။ စားရေးသောက်ရေးအတွက် အစစအရာရာစီစဉ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်"ဟု ပြောပြသည်။

"ကျွန်တော်အစက မျက်စိက မှုန်တယ်။ မမြင်ရဘူး။အခုတော့ အားလုံး လင်းလင်းထင်းထင်း သဲသဲကွဲကွဲမြင်ရပြီဆိုတော့



ဝမ်းသာပါတယ်။ စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သင်္ဘောကြီးနဲ့ လာရောက်ဆေးကုသပေးတဲ့အတွက် အထူးဝမ်းသာပါတယ်။ အဲဒါကြောင့် ပါရဂူကြီးတွေအပါအဝင်ဆေးအဖွဲ့အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ သံလွင်သင်္ဘောကြီးနဲ့ ကမ်းခြေဒေသတွေမှာရှိတဲ့ ဒေသခံပြည်သူတွေကို အခုလိုဆေးကုသမှုပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မျက်စိရောဂါတစ်ခုတည်းမဟုတ်ဘဲ ရောဂါပေါင်းစုံကို ကုသပေးနေတဲ့အတွက် ဆေးရုံ၊ ဆေးခန်း မသွားနိုင်တဲ့သူတွေအတွက် အထောက်အကူအများကြီး ဖြစ်ပါတယ်။ နောက်ကိုလည်း အခုလို လာရောက်ဆေးကုသဖို့ဖိတ်ခေါ်ပါတယ်။ သွားရေးလာရေးခက်ခဲတဲ့ဒေသတွေကို အခုလိုဆေးကုသမှုတွေဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။



# ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်အောင်မြင်စွာ ကျင်းပပြီးစီး



ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**ဟိုင်းကြီးကျွန်း မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက် တပေါင်းလဆန်း ၁ ရက်တွင် ဖွင့်ပွဲအခမ်းအနားဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြား၍ နေ့စဉ်ဘုရားဖူးဧည့်သည် ဦးရေ ၂၀၀၀ ကျော် လာရောက်ဖူးမြော်ကြကာ အစိုးရရုံးပိတ်ရက်များတွင် ဘုရားဖူးဧည့်သည်များ ပိုမိုများပြားစွာ လာရောက်ဖူးမြော်ကြကြောင်းနှင့် ယခင်နှစ်များကထက် ပိုမိုစည်ကားခဲ့ကြောင်း သိရသည်။

ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးသည် မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်ဖြင့်တည်ထားသော ဘုရားတစ်ဆူဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များသည် လမ်းခရီးဝေးသော်လည်း ရေလမ်းမှ သင်္ဘောများဖြင့်လည်းကောင်း၊ ကုန်းလမ်းမှ မော်တော်ကားများဖြင့်လည်းကောင်း လာရောက်ဖူးမြော်ကြပြီး ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းတို့ကို ပြုလုပ်ကြကြောင်း သိရသည်။

ယခုနှစ်တွင် ဘုရားပွဲတော်ကို ၁၅ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းသံဃာ ၁၀၃၆ ပါး၊ သီလရှင် ၄၂၅ ပါးနှင့် ခရီးသွားဧည့်သည် ၅၁၉၂၇ ဦး လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြသည်။

ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တိုးချဲ့ခြင်း လုပ်ငန်းအပိုင်း(၁)ကို ဘုရားပွဲတော်ကာလ မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများ ဘုရားရင်ပြင်တော်ပေါ်တွင် စိတ်အေးချမ်းစွာဖြင့် ဘုရားဖူးမြော်ကြည်ညို နိုင်ခဲ့ပြီး ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းနှင့် မဟာရံတံတိုင်း တည်ဆောက်ခြင်းတို့အတွက် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ပိတ်ပွဲ အခမ်းအနားကို မတ် ၅ရက် တပေါင်းလပြည့်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယနေ့တွင် ဘုရားရင်ပြင်တော်နှင့် ပတ်ဝန်းကျင်နေရာများ၊ ဘုရားပွဲဈေးတန်း ပြုလုပ်ရာနေရာများတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးပြုလုပ် ကုသိုလ်ယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။



ရွှေဟောင်းသမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်း စာစစ်ဌာနများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ ရောက်ရှိကာ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ စာဖြေသူနှင့် စာမေးပွဲလုပ်ငန်း အနှောင့်အယှက်မဖြစ်စေရန် အထူးဂရုစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရန်နှင့် စာဖြေခန်းအတွင်း၊ အပြင် သန့်ရှင်းရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေး၊ အလင်းရောင် လုံလောက်စွာရရှိရေး၊ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲကို သက်သောင့်သက်သာဖြေဆိုနိုင်ရေးအတွက် စာဖြေခုံများကို စနစ်တကျထားရှိစေလိုကြောင်း၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဘုရင့်နောင်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် မှော်ဘီမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်အခြေခံပညာအထက်တန်းကျောင်းတို့တွင် တွဲဖက်ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်း စာသင်ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များ ဆောက်လုပ်ရာတွင် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီစေရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပါက သန့်ရှင်းသပ်ရပ်စေရေး၊ ကျောင်းဥပစာရပ် ကောင်းမွန်စေရေးတို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မတ် ၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**နေပြည်တော် မတ် ၆**

မတ် ၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၀၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၁၃၉၄၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၄၁၀ ဦး |

# တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်၌ သီတဂူဆရာတော်ဘုရားကြီးအား အလှူငွေများဆက်ကပ်လှူဒါန်း



သီတဂူဆရာတော်ဘုရားကြီးထံ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း နဝကမှ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် မတ် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်သို့ ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများအတွက် နဝကမှအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာတော်များကို တိုင်းမှူးနှင့် အဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# မဟာအောင်မြေမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါမြို့နယ် စိန်ပန်းရပ်ကွက်ရှိ မစိုးရိမ်တိုက်သစ်၌ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ဦးရေ ၂၂၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။


မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလည်းပေး၊ ဗဟုသုတလည်းရ၊ ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းနိုးမြေ၊ ဓာတ်ပုံများနှင့် ကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေသည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ခင်ဘွေ့ရှိန်(သာကေနယ်)၊ ကနိုတာ လှစင်အောင်ထွေး၊ ရှိဦးဇော်၊ အောင်နေပြည်(ပြည်)၊ တန်ဖြူချစ်မင်းဇေ၊ ရေနံ့သာအောင်ကျော်သွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေသည့် ဉာဏ်စမ်းပဟေဠိနှင့် ကလေးငယ်များအတွက် သုတ၊ ရသစုံစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍနှင့်၊ ရသနဲ့ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း စသောစသောဖြင့်
(၇-၃-၂၀၂၃) ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၇)၊ အမှတ်(၉) ထွက်ပြီ။

အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နေ ဖြိုးသန္တာသိမ့်သည် ၎င်းအသုံးပြုသည့် “Phyo Thandar Theint” Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## တရားမအထူးအယူခံမှု နှစ်မှု တို့ကို စီရင်ချက်ချမှတ်
## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု တစ်မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၂/၂၀၂၂ (ပဲခူး) နှင့် ၂၄/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု နှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၂/၂၀၂၂ (ကချင်) နှင့် တရားမအထူးအယူခံမှု အမှတ်၅၃/၂၀၂၂(မွန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု တစ်မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

“ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့”

"DigitALL: Innovation and technology for gender equality"

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့

# မန္တလေးမြို့တွင် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ





**မန္တလေး မတ် ၆**

မန္တလေးမြို့တွင် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လျှပ်စစ်သုံးယာဉ်ပြေးဆွဲရေးနှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ နီးနွှယ်ဌာနဆိုင်ရာများနှင့် လျှပ်စစ်သုံးယာဉ်များပြေးဆွဲဆောင်ရွက်မည့် ကုမ္ပဏီသုံးခုမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တွင် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က လျှပ်စစ်သုံးယာဉ် ပြေးဆွဲအသုံးပြုရေး နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်မှုများကို အလေးအနက်ထားကာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မန္တလေးမြို့တွင် လျှပ်စစ်သုံး(EV)ယာဉ်များ ပြေးဆွဲအသုံးပြုရန် ဆောင်ရွက်မည့်ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် လမ်းညွှန်ချက်များကို လေးစားလိုက်နာပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲရေးနှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တွင် လျှပ်စစ်သုံး (EV) ယာဉ်များ ပြေးဆွဲရန်အတွက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ EV Charging Station အသုံးပြုရန် နေရာချထားပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုရေးဆောင်ရွက်မည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက EV လျှပ်စစ်ကား Charging Station လုပ်ငန်းဆောင်ရွက်မှုနှင့် တွေ့ကြုံနေရသည့်အခြေအနေများ၊ Charging Station တည်ဆောက်ရာတွင် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို Power Point ဖြင့်တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် နီးနွှယ်ဌာနများမှ တာဝန်ရှိသူများ၏ ဖြည့်စွက်ဆွေးနွေး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“KNLA နှင့် PDF အကြမ်းဖက်သမားများက လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ”** ခေါင်းစဉ်ဖြင့် ၈-၃-၂၀၂၃ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လူငယ်တွေရဲ့ပညာရေးလမ်းကြောင်းကို ဖျက်ဆီးနှောင့်ယှက်နေတဲ့ PDF များ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# သဇင်(FM) အသံလွှင့်အစီအစဉ်

**၇-၃-၂၀၂၃ (အင်္ဂါနေ့)**

| | | |
|---|---|---|
| ၁။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၂။ | ၁၀း၄၆ | ဖတ်သမျှမှတ်သမျှ |
| ၃။ | ၁၁း၃၀ | Keep it Nature |
| ၄။ | ၁၃း၃၀ | Live For You |
| ၅။ | ၁၆း၀၀ | တပ်မတော်စာတိုက်ခန်း |

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ တင်သွင်းရောက်ရှိ

**နေပြည်တော် မတ် ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co.,Ltd က တင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60KW ငါးစုံသည် ယနေ့တွင် ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်းနှင့် အဆိုပါ အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အာဆီယံနိုင်ငံများ၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး စီမံချက်များကို ဂျပန်နိုင်ငံက ကူညီသွားမည်



**တိုကျို မတ် ၆**

အာဆီယံနိုင်ငံများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ မူဝါဒများနှင့်အညီ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အာဆီယံနိုင်ငံများ၏ စီမံချက်များကို ဂျပန်နိုင်ငံက ကူညီပေးသွားမည်ဖြစ်ကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အာဆီယံနိုင်ငံအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့်အတွက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဘတ်ဂျက်လိုအပ်ချက်များရှိနေကြောင်း၊ ဂျပန်နိုင်ငံသည် သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကမ္ဘာ့နိုင်ငံများ၏ ဦးဆောင်သူနိုင်ငံများစာရင်းတွင် ပါဝင်နေပြီး ဟိုက်ဒရိုဂျင်စွမ်းအင်ကဏ္ဍကို ဖော်ဆောင်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသည် ကျောက်မီးသွေးလောင်စာနှင့် ရုပ်ကြွင်းလောင်စာကိုမှီခိုနေရသည့် စွမ်းအင်ထုတ်လုပ်မှုကဏ္ဍကိုလျှော့ချနိုင်သည့် ဦးဆောင်သူနိုင်ငံဖြစ်ခွင့်ရရန် ရည်ရွယ်ထားကာ ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်ရေးအတွက် အာဆီယံနိုင်ငံများကို ဂျပန်နိုင်ငံက နည်းပညာပိုင်းနှင့် ငွေကြေးပံ့ပိုးပေးရန် ပြင်ဆင်လာသည်။

"အာဆီယံနိုင်ငံတွေရဲ့ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်အတွက် ဂျပန်နိုင်ငံက နည်းပညာပိုင်း၊ ငွေကြေးပိုင်းနဲ့ လူသားအရင်းအမြစ်အပိုင်းမှာ ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ဂျပန်စက်မှုဝန်ကြီး ယာဆူတိုရှိက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံကဦးဆောင်၍ G7 အဖွဲ့ဝင်နိုင်ငံများသည် လာမည့် ဧပြီ ၁၅ ရက်တွင် ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့်စွမ်းအင်ဆိုင်ရာဆွေးနွေးပွဲကို ဂျပန်နိုင်ငံ ဆပ်ပိုရိုမြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် လာရောက်ကျက်စားနေသည့် ရေဝတီလင်းပိုင် စာရင်းကောက်ယူမှု မတ်လအတွင်းဆောင်ရွက်မည်

**ဘိုကလေး မတ် ၆**

ရေဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် လာရောက်ကျက်စားနေသည့် ရေဝတီလင်းပိုင် စာရင်းကောက်ယူမှုကို ယခု မတ်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်ထံမှ သိရသည်။

ရေဝတီလင်းပိုင်များသည် ရေဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဝန်းကျင်ဒေသတွင် အမြဲနေထိုင်လေ့မရှိဘဲ အစုန်အဆန် သွားလာလေ့ရှိကြောင်း၊ မန္တလေးမှ ကျောက်မြောင်းကြား (ရေဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာ ၁)နှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်-ကသာ-ရွှေကူ(ရေဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ ၂) အပါအဝင် ကန့်ဘလူမြို့နယ် မလယ်နှင့်ကချင်ပြည်နယ် ရွှေကူမြို့ကြားတွင် အဓိကနေထိုင်ကျက်စားကြောင်း သိရသည်။

"ရေဝတီလင်းပိုင် စာရင်းကောက်ယူတာကို မတ်လ တတိယပတ်မှာ စတင်ဆောင်ရွက်မှာပါ။ လင်းပိုင်စာရင်း ကောက်ယူတာ ဒီနှစ်နဲ့ဆို နှစ်နှစ်ရှိပါပြီ။ မနှစ်ကမှစပြီး စာရင်းကောက်တာ။ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်က ၁၆ကောင်ပဲရှိတယ်။ ရေဝတီလင်းပိုင်တွေက မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာ အမြဲနေထိုင်တာမရှိဘဲ မြစ်ကြောင်းတစ်လျှောက် အစုန်အဆန်သွားလာနေတတ်ပါတယ်"ဟု ဦးစိုင်းဝဏ္ဏကြည်က ပြောပြသည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရေချိုရေငန်စပ်ဒေသတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ရေချို၊ ရေငန်စပ်မီကျောင်းများကို သဘာဝအတိုင်းထိန်းသိမ်းထားသည့် တစ်ခုတည်းသော နယ်မြေတစ်ခုဖြစ်ကာ လင်းပိုင်၊ ဖျံ၊ တောဝက်၊ နို့တိုက်သတ္တဝါများ၊ ဌာနေငှက်များနှင့် ဆောင်းခိုငှက်များ နေထိုင်ကျက်စားကြကြောင်း သိရသည်။

ASH

# သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် နှစ်နှစ်တာကာလအတွင်း အမြင့်ဆုံးအပူချိန်ပမာဏသို့ ရောက်ရှိနေ

**ကင်ဘာရာ မတ် ၆**

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် အပူချိန်မြင့်တက်နေပြီး မြင့်တက်လာသည့် အပူချိန်ပမာဏမှာ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း အမြင့်ဆုံး အပူချိန်ပမာဏသို့ ရောက်ရှိနေကြောင်း သြစတြေးလျ ဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု Canberra Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်သည် ယနေ့တွင် စတင်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ အပူချိန်မြင့်တက်နေခြင်းကြောင့် နယူးဆောက်ဝေး ပြည်နယ်တစ်ဝန်းနေအိမ်ပြင်ပတွင် မီးရှို့ခြင်း၊ တောအုပ်များအတွင်း အပန်းဖြေကာ အကင်များလုပ်စားခြင်းကို တင်းကြပ်ကြပ်တားမြစ်ထားကြောင်း၊ သြစတြေးလျ ဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

"နယူးဆောက်ဝေးပြည်နယ်ရဲ့ ဇရိယာတချို့မှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပါတယ်။ အဓိကနေရာတွေမှာ အခုလိုအပူချိန်မြင့်တက်နေတဲ့အချိန် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားမယ်ဆိုရင် တောမီးထိန်းချုပ်နိုင်ဖို့ တော်တော်လေးခက်ခဲသွားမယ်။ တောမီးဟာ တစ်နေရာကနေတစ်နေရာကိုလဲ အလွယ်တကူ ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မြက်ခင်းပြင်တွေဆီကို တောမီးလောင်ကျွမ်းသွားရင်တော့ အချိန်တိုအတွင်း အရေးပေါ်အဆင့် ရောက်သွားနိုင်ပါတယ်"ဟု နယူးဆောက်ဝေးပြည်နယ် ကျေးလက်ဒေသ မီးသတ်ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အန်ဂျယ်လာဘာဖွိဒ်က ပြောကြားခဲ့သည်။



အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် မီးဘေးသတိပေးချက်များထုတ်ပြန်ထားကြောင်း၊ နယူးဆောက်ဝေးပြည်နယ် ဇရိယာတချို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုသည် ဇရိယာ ၃၄ နေရာတွင် ဖြစ်ပေါ်နေကြောင်း နယူးဆောက်ဝေးအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။




၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။



၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။



# ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့် သမုဒ္ဒရာပိုင်းကာကွယ်ရေး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို အမေရိကန်နိုင်ငံ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာ အထူးသံတမန်ဂျွန်ကာရီ ထုတ်ပြန်

**ဝါရှင်တန် မတ် ၆**

အမေရိကန်နိုင်ငံ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာ အထူးသံတမန်ဖြစ်သူ ဂျွန်ကာရီက အမေရိကန်နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနှင့် သမုဒ္ဒရာပိုင်းကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကိုရှင်းလင်းထုတ်ပြန်ခဲ့ကြောင်း US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး၊ သမုဒ္ဒရာပိုင်းကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံထိရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဖြစ်ပြီး ကဏ္ဍ ၇၇ ခုတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်က ပနားမားနိုင်ငံတွင် ကျင်းပခဲ့သည့် သမုဒ္ဒရာပိုင်းကာကွယ်ရေးညီလာခံတွင် ဂျွန်ကာရီက ပြောကြားခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုကပ်ဘေးနဲ့ သမုဒ္ဒရာပိုင်းဆိုင်ရာကပ်ဘေးဟာအတူတူပါပဲ။ ကပ်ဘေးတစ်ခုတည်းကိုပဲ သီးခြားဖြေရှင်းလို့မရဘူး။ နှစ်ခုစလုံးကို အတူတူဖြေရှင်းနိုင်မှရမယ်။ တစ်ခုတည်းကိုပဲ ဖြေရှင်းလဲ ဘာမှမထူးပါဘူး"ဟု ဂျွန်ကာရီက ပြောကြားခဲ့သည်။

ဂျွန်ကာရီက ရေလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမေရိကန်ဒေါ်လာ ၆၆၅ သန်းထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး အဏ္ဏဝါရေထုညစ်ညမ်းမှုကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

ပညာကျန်းထော

# ကံကောင်းခြင်း




**နိဒါန်း**

ကံတရားဆိုတာနဲ့ ကံကောင်းခြင်းဆိုတာက မတူပါ။ ခြားနားကွဲပြားကြပါတယ်။ ကံတရားဟာ ကံကောင်းခြင်းမဟုတ်ဘူး။ ကံတရားဟာ အခိုက်အတန့်သာဖြစ်တယ်။ ကြာရှည်တည်မြဲမနေဘူး။ အကောင်းအဆိုး အတက်အကျ။

ကံကောင်းခြင်းဆိုတာကတော့ အဲသလိုမဟုတ်။ ကံကောင်းခြင်းဆိုတာက ကိုယ်ကိုယ်တိုင်ဖန်တီးရတာဖြစ်ပါတယ်။ မိမိနဲ့သက်ဆိုင်လို့ ကိုယ်ပိုင်ဆိုင်တယ်လို့လည်းဆိုနိုင်တယ်။ အတော်အတန် တည်တံ့ခိုင်မာတယ်။ ကိုယ်ရည်ကိုယ်သွေးကို တိုးတက်စေတယ်။ ကိုယ်ကစောင့်မျှော်နေရတဲ့အရာမဟုတ်ဘူး။ ကိုယ်တိုင်ရှာဖွေကြိုးစားဖန်တီးယူခဲ့ရခြင်းသာဖြစ်တယ်။ ဒါဆိုသဲသဲကွဲကွဲရှင်းပါပြီ။

**လိုအပ်ချက်**

ကံကောင်းခြင်းမှာ မရှိမဖြစ်ပါဝင်ရတဲ့လိုအပ်ချက်တွေရှိနေပါတယ်။ ဒီအချက်တွေကို စာရေးသူက မဖော်ပြမီ စာဖတ်သူက သိပြီးသားလည်းဖြစ်ကောင်းဖြစ်မယ်။ အပြစ်ကင်းစင်ခြင်း၊ စိတ်အားထက်သန်ခြင်း၊ ပျော်ရွှင်ခြင်း၊ အာရုံနှစ်ဝင်ပြီး ကြိုးစားအားထုတ်ခြင်း၊ ရည်မှန်းချက်အပေါ် ယုံကြည်သက်ဝင်မှုရှိခြင်းနဲ့ ချစ်ခြင်းမေတ္တာတရား စတဲ့အရာတွေ ပါဝင်တယ်။ အပြစ်ကင်းစင်ခြင်းဆိုတာက အကုသိုလ်ဒုစရိုက် အတွေးအကြံ၊ အပြောအဆို၊ အပြုအမူတွေမဟုတ်ဘူး။ စိတ်အားထက်သန်ခြင်းဆိုတာက ကိုယ်လုပ်နေတဲ့အလုပ်ကို မြတ်နိုးလေးစားတန်ဖိုးထားတဲ့သဘောပါပဲ။ ပျော်ရွှင်ခြင်းဆိုတာက မိမိတစ်ယောက်တည်းအတွက် မဟုတ်ဘူးလေ။ မိသားစု၊ ဆွေမျိုးဉာတကာ၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံကောင်းကျိုးကို မိမိက ပါဝင်သယ်ပိုးရလို့ ကျေနပ်ကြည်နူးခြင်းပါ။ လောကတ္တစရိယာခေါ်တဲ့ လောကရဲ့ကောင်းကျိုးကိုပါ ရည်သန်တဲ့ စိတ်ရင်းစိတ်ထားရှိရင် ပိုပြီး ကံကောင်းစေတာ သေချာတာပေါ့။

ဘာလို့ပျော်ရွှင်တာလဲဆိုတော့ မိမိဖန်တီးပြုလုပ်နေတဲ့ လုပ်ဆောင်မှုမှာ အများအတွက် မေတ္တာစေတနာပါလို့ဖြစ်ပါတယ်။ ဒါဟာ ချစ်ခြင်းမေတ္တာပါတဲ့ သဘောပဲပေါ့။ ရန်လိုမုန်းတီးခြင်း၊ ရက်စက်ယုတ်မာခြင်း၊ သူတစ်ပါးအပေါ် မတရားပြုခြင်း စတဲ့ဒေါသအာဃာတတရားတွေကတော့ ကံကောင်းခြင်းကို ဆောင်ယူမလာနိုင်ကြပါဘူး။ အကုသိုလ်တွေမဟုတ်လား။

အာရုံဝင်စားကြိုးစားမှုဟာ ဇွဲလုံ့လသဘော၊ ခံနိုင်ရည်ရှိခြင်းသဘောတွေလည်း ပါဝင်တာပေါ့။

ရည်မှန်းချက်အပေါ် ယုံကြည်သက်ဝင်ခြင်းဆိုတာကတော့ ဘာသာရေးဝေါဟာရနဲ့ဆိုရင် သဒ္ဓါတရား။ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ ယုံတယ်ဆိုရင် စိတ်လည်းကြည်လင်တယ်။ ပျော်ရွှင်တယ်။ အဲဒီအချက်တွေ စုပေါင်းပါဝင်တဲ့ မိမိရဲ့လုပ်ဆောင်ချက် (ကံ=စိတ်အတွေးအကြံလည်းပါတယ်။ နှုတ်အပြောအဆို၊ စာအရေးအသား၊ ကိုယ်အပြုအမူ၊ အားလုံးသော မိမိရဲ့လုပ်ဆောင်မှုတွေကို မူရင်းပါဠိဝေါဟာရကမ္မကနေ ဆင်းသက်မွေးယူတဲ့ မြန်မာ့စကားလုံး) ကံကောင်းခြင်း၊ မကောင်းခြင်းဟာ အလိုလိုဖြစ်လာတာတော့လည်း မဟုတ်ဘူး။ တစ်စုံတစ်ဦးက ဖန်ဆင်းပေးခြင်းလည်းမဟုတ်ဘူး။

**စိတ်ရင်း**

ကံကောင်းခြင်း မိမိမှာဖြစ်ပေါ်အောင် အရင်းအမြစ်အနေနဲ့ စတင်အခြေခံတာကတော့ စိတ်ပဲပေါ့။

စေတနာကောင်းရင် ကံကောင်းတယ်။

စေတနာမြင့်ရင် ကံမြင့်တယ်။

စေတနာမှန်မြတ်ရင် ဘဝဟာမှန်မြတ်ပါတယ်။

ကိုယ်လုပ်ဆောင်နေတဲ့ အလုပ်တိုင်းမှာ ဖြူဖြူစင်စင်၊ ဖြောင့်ဖြောင့်မတ်မတ်နဲ့ (ကိုယ်ကျိုး ကိုယ့်အတွက် ဘာရချင်လို့ဆိုတာမျိုးလုံးဝမပါဘဲ) စိတ်ရင်းစေတနာကောင်းကောင်းနဲ့လုပ်လိုက်ရင် ညောင်စေ့လေးလောက် သေးငယ်တယ်ထင်ရပေမယ့် ညောင်ပင်ကြီးလို အရိပ်အေးအေးပေးနိုင်တဲ့ကောင်းကျိုးကို ရစေတတ်ပါတယ်။ ဒီလိုပြောရင် ပိုတယ်ထင်မှာစိုးလို့ ထင်ရှားမြင်သာတဲ့ ဖြစ်ရပ်သာဓကလေးတစ်ခုကို ဖော်ပြလိုပါတယ်။

ဒုတိယဗိုလ်မှူးကြီး မြတ်ဟိန်းဟာ ၁၉၉၄ အုပ်မှူးတာဝန်ထမ်းဆောင်စဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ သင်တန်းသွားတက်ပြီး အက်ဖ်-၇ လေယာဉ်တွေကို ကိုယ်တိုင်မောင်းနှင်ပျံသန်းလာခဲ့တဲ့ ပထမဦးဆုံးအသုတ် ၁၂ စီး အင်အားဖြည့်တင်းရာမှာ ပါဝင်ခဲ့သူ လေသူရဲတစ်ဦးဖြစ်ခဲ့ပါတယ်။ တပ်မတော်(လေ) ကာကွယ်ရေးဦးစီးချုပ်မဖြစ်မီကလည်း ပြည်ပနိုင်ငံတွေကို ရောက်ဖူးတယ်။ လေဦးစီးချုပ်ဖြစ်ပြီးတဲ့နောက်လည်း တာဝန်အရ နိုင်ငံခြားတိုင်းပြည်တွေသို့ အခေါက်ခေါက်အခါခါ သွားရောက်ခဲ့ရပါတယ်။ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန် စတဲ့နိုင်ငံတွေပေါ့။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုလည်း နှစ်ခေါက်ရောက်ရှိခဲ့ရတယ်။ ကာကွယ်ရေးဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်တာ ခြောက်နှစ်ကြာတဲ့အချိန်မှာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးခေါင်းဆောင်တဲ့အဖွဲ့နဲ့ အဖွဲ့ဝင်အဖြစ် လိုက်ပါခွင့်ရခဲ့တယ်။ တပ်မတော်ဆိုင်ရာကိစ္စရပ်တွေ ဆောင်ရွက်စရာမပါရှိလို့ စစ်ဝတ်စုံတောင်ယူဆောင်မသွားဘဲ အရပ်ဘက်ဝတ်စုံတွေပဲ ယူသွားပါတယ်။ သို့ပေမယ့် . . .

ဒက်ကာမြို့တော်ရောက်ရှိပြီးညမှာ ဘင်္ဂလားဒေ့ရှ်ဆက်ဆံရေးအရာရှိက ဗိုလ်ချုပ်ကြီး မြတ်ဟိန်းကို တွေ့ခွင့်တောင်းပြီး ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ် Air Marshal S.M.Ziaur Rahman က တွေ့ဆုံလိုကြောင်း အစီအစဉ်မှာ မပါပေမယ့် အချိန်ပေးနိုင်ပါက တွေ့ဆုံနှုတ်ဆက်လိုကြောင်း ပြောလာပါတယ်။ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံတင်ပြတော့ နောက်နေ့မနက်ပိုင်း တွေ့ခွင့်ပြုပါတယ်။ နောက်နေ့လာမယ့်အကြောင်းပြန်လိုက်တယ်။ ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်ရုံးမှာ ဂုဏ်ပြုတပ်ဖွဲ့နဲ့ ဂုဏ်ပြုကြိုဆိုမယ်ပြောလာတော့ စစ်ဝတ်စုံမပါလာဘူး။ ဂုဏ်ပြုတပ်ဖွဲ့နဲ့ အလေးပြုကြိုဆိုတာ မလုပ်နေပါနဲ့ပြန်ပြောပေမယ့် မရပါဘူး။ တခမ်းတနားဂုဏ်ပြုကြိုဆိုပါတယ်။ လာခေါ်ရာမှာလည်း ရှေ့ဆောင်ယာဉ်၊ လုံခြုံရေးယာဉ်တွေနဲ့ ဘင်္ဂလားဒေ့ရှ်လေတပ်ဌာနချုပ်ကို ခေါ်ဆောင်သွားပါတယ်။

**စမ်းစမ်းနားနား**

လေတပ်ရဲ့ ဂုဏ်ပြုတပ်ဖွဲ့ အလေးပြုခြင်းကို ခံယူစေပါတယ်။ သူတို့လေတပ်ဦးစီးချုပ် Air Marshal S.M.Ziaur Rahman ကိုယ်တိုင် စောင့်ကြိုပြီး ဖက်လဲတကင်းနှုတ်ဆက်တယ်။ လေတပ်ဦးစီးချုပ် ဇီယာရာမန်နဲ့ အဖွဲ့သားတွေအားလုံးက တလေးတစား၊ ဖော်ရွေလွန်းလှတာ အသိအမှတ်ပြုမိပါတယ်တဲ့။ နှစ်ဦးသားစကားပြောဆိုကြတဲ့အခါမှာမှ မှတ်မိလာတယ်။ လွန်ခဲ့တဲ့ ၁၁ နှစ်လောက် ၁၉၉၇ ခုနှစ်ဆီက ဘင်္ဂလားဒေ့ရှ်လေတပ်မှ အက်ဖ်-၇ လေယာဉ်တစ်စင်း တရုတ်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ သယ်ဆောင်ပျံသန်းရာမှာ မိတ္ထီလာတွင် ဆင်းပြီး ဆီဖြည့်မယ်၊ လိုအပ်တာကူညီလိုက်ပါ။ ကက(လေ) က ဒုတိယဗိုလ်မှူးကြီး မြတ်ဟိန်း၊ လေတပ်အုပ်မှူးကို တာဝန်ပေးတယ်။ ဘင်္ဂလားဒေ့ရှ်လေတပ်ဗိုလ်ချုပ်ကြီး ဇီယာရာမန်ကလည်း Wing Commander ဒုတိယဗိုလ်မှူးကြီးပဲ။ ပထမနေ့မှာ Wing Commander ဒုတိယဗိုလ်မှူးကြီး ဇီယာရာမန်က သယ်ယူပို့ဆောင်ရေးလေယာဉ်နဲ့ မိတ္ထီလာလေတပ်ကို ရောက်လာတယ်။ လေယာဉ်ဆီဖြည့်ပေးလိုက်တယ်။ သူတို့လေတပ်စစ်သည်နှစ်ဦးကို ထားရစ်ခဲ့ပြီး တရုတ်နိုင်ငံကို ဆက်ထွက်သွားတယ်။ ဘင်္ဂလားဒေ့ရှ်က လေတပ်စစ်သည်နှစ်ဦးကို မိတ္ထီလာဟိုတယ်တွင် စီစဉ်ပေးလိုက်တယ်။ ကောင်းကောင်းမွန်မွန်ညေ့သည်အဖြစ်နဲ့ပါ။

ပြန်အလာမှာ ဆင်းရမယ့်အနေအထား၊ ဆက်သွယ်ရမယ့်စနစ်၊ ရေဒီယိုဆက်သွယ်မှု NDB Station နဲ့ ဆင်းသက်ရမယ့်လမ်းကြောင်း စသဖြင့် လေသူရဲချင်း သူမေးသမျှ သေသေချာချာရှင်းပြဖြေကြားတယ်။

နောက်တစ်နေ့ Wing Commander ဒုတိယဗိုလ်မှူးကြီး ဇီယာရာမန်မောင်းနှင်တဲ့ F.7 လေယာဉ် သတ်မှတ်ဆင်းသက်ချိန်မှာ ရောက်လာတယ်။ သူက ဗိုလ်မှူးကြီး မြတ်ဟိန်းကို သူ့လေယာဉ်ဆင်းရတာ အဆင်ပြေပါတယ်။ ဒါပေမဲ့ ဆင်းခါနီး လေယာဉ်စနစ်တစ်ခု ချွတ်ယွင်းမှုရှိကြောင်း ပြောပြလို့သိရတယ်။ ဗိုလ်မှူးကြီး မြတ်ဟိန်းက မြန်မာ့တပ်မတော်(လေ) ကျွမ်းကျင်ဆရာကြီးတွေခေါ်ပြီး သူတို့လိုအပ်တာတွေ ကူညီပေးလိုက်ပါလို့ ဆောင်ရွက်ပေးစေတယ်။ အဖြေတွေ့သွားတယ်။ လေသူရဲ ဒုတိယဗိုလ်မှူးကြီး ဇီယာရာမန်ဟာ ချွေးသီးချွေးပေါက်ကျပြီး မျက်နှာပျက်နေရာမှ ပြုံးနိုင်သွားတယ်။

**ကျေးဇူးတရား**

မိတ္ထီလာလေတပ်က အုပ်မှူးဗိုလ်မှူးကြီး မြတ်ဟိန်းရဲ့ သူနဲ့ သူ့လေတပ်အဖွဲ့ကို စေတနာအပြည့်အဝနဲ့ ကူညီဖြည့်ဆည်းပေးတဲ့ဆောင်ရွက်ချက်ဟာ သူ့ဘဝတစ်သက်တာလုံး အမှတ်ရနေပါတယ်လို့ပြောတယ်။

**တစ်ခါက**

ဘင်္ဂလားဒေ့ရှ်လေတပ်က အက်ဖ်-၇ လေယာဉ်ဟာ တရုတ်နိုင်ငံမှာ အိုဗာဟောလ်ပြုလုပ်ပြီး ပြန်လည်သယ်ဆောင်လာတာဖြစ်ပါတယ်။ ကူညီဆောင်ရွက်ပေးခဲ့သူ ဗိုလ်ချုပ်ကြီး မြတ်ဟိန်းကတော့ ဘာမှအကျိုးအမြတ်ရရှိကောင်းစေရယ်လို့ သဘောမထားခဲ့။ အိမ်နီးချင်းနိုင်ငံတစ်ခုက လေတပ်ကအခက်အခဲရှိလို့ ကိုယ့်ဆီအကူအညီတောင်းလာတာကို စိတ်ပါလက်ပါ စေတနာအပြည့်အဝနဲ့ ကိုယ်တတ်နိုင်သလောက် အကောင်းဆုံးလုပ်ဆောင်ပေးလိုက်ခဲ့တယ်။ ဖြူဖြူစင်စင်အကူအညီပေးခြင်းပါပဲ။

၂၀၀၈ ခုနှစ်မှာ မြန်မာအစိုးရ ဒုတိယအကြီးအကဲအဖွဲ့နဲ့အတူ ပါလာတဲ့အဖွဲ့ဝင် မြန်မာ့တပ်မတော်(လေ) ဦးစီးချုပ်ဟာ တစ်ချိန်တစ်ခါက သူတို့အဖွဲ့ကို လှိုက်လှိုက်လှဲလှဲ ကူညီဆောင်ရွက်ပေးခဲ့သူဆိုတာ ဗိုလ်ချုပ်ကြီး ဇီယာရာမန်က တလေးတစားမှတ်သားထားခဲ့တယ်။ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းရဲ့ သန့်ရှင်းဖြူစင်တဲ့ကူညီမှုဟာ သူတို့အတွက်က အင်မတန်ကြီးမားတဲ့ အကူအညီဖြစ်နေခဲ့တယ်။ ကျေးဇူးပြောမပြတတ်အောင်တင်နေတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ် ဒက်ကာမြို့ကို ရောက်လာစဉ် တခမ်းတနားကြိုဆိုဂုဏ်ပြုညေ့ခံခြင်းပါပဲ။ နောက်တစ်ခေါက် သီးခြားလာဖို့လည်း ဖိတ်မန္တကပြုပါတယ်။ နောက်သုံးနှစ်ကြာတဲ့အခါ ၂၀၁၁ ခုနှစ် ဧပြီလလောက်မှာ နိုင်ငံတော်အကြီးအကဲတွေက ခွင့်ပြုစေလွှတ်ခဲ့လို့ ဘင်္ဂလားဒေ့ရှ်ကို ဒုတိယတစ်ခေါက် သွားရောက်ခဲ့ရပါသေးတယ်။

**အကျိုးရှိ**

တပ်မတော်(လေ) ဦးစီးချုပ်ချင်း လေးစားရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်တဲ့ဆက်ဆံမှုရှိခဲ့လေတော့ နှစ်နိုင်ငံ တပ်မတော်အချင်းချင်းလည်း အကျိုးရှိတာပေါ့။ ဘင်္ဂလားဒေ့ရှ်တပ်မတော်ဘက်က အခြေအနေတွေကိုလည်း ကြည့်ခွင့်၊ သိခွင့်ရခဲ့တာပေါ့။ အကျယ်ကိုတော့ စိတ်ဝင်စားရင် ဆက်လက်ဖတ်ရှုနိုင်ရန် ပြောပြပါမယ်။

မြတ်ဟိန်းရေးတဲ့ "**လေထဲ မိုးထဲ**"ဆိုတဲ့စာအုပ်ကို ဖတ်ကြည့်ရင် တပ်မတော်(လေ)မှာ ဗိုလ်ချုပ်ကြီးအဖြစ်လည်းကောင်း၊ ပထမဦးဆုံး ဒီမိုကရေစီအစိုးရအဖွဲ့မှာ ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ အောင်မြင်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ နိုင်ငံတော်က "**သရေစည်သူဘွဲ့**" ချီးမြှင့်ခြင်းခံရတဲ့ပုဂ္ဂိုလ်ရဲ့ မှတ်သားအတုယူဖွယ်ကောင်းလှတဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်မှာ တွေ့မြင်ရပါလိမ့်မယ်။

**နိဂုံး**

ပဲခူးမြို့နေ အစိုးရစာတိုက်ဌာန ဝန်ထမ်းဇနီးမောင်နှံ့ရဲ့ သားနှစ်ဦးအနက် သားကြီး မောင်မြတ်ဟိန်းဟာ (အသက်နှစ်နှစ်အရွယ်မှာ သူ့ဖခင်ကွယ်လွန်ခဲ့လို့) အမေမုဆိုးမ စာတိုက်ဝန်ထမ်းရဲ့သားအဖြစ်မှ နိုင်ငံနဲ့လူမျိုးအတွက် ရိုးရိုးသားသား၊ ကြိုးကြိုးစားစားနဲ့ လေထဲမိုးထဲမှာ ဘာတွေဆောင်ရွက်ခဲ့သလဲ။ ဘယ်လိုထမ်းရွက်ခဲ့သလဲ။ ကံကောင်းခြင်းဟာဘာလဲ။ လေ့လာသိရှိနိုင်ပေမယ်။ စာရေးသူ သဲသဲကွဲကွဲသိမြင်မိတဲ့အချက်တစ်ခုက ဗိုလ်ချုပ်ကြီးအပါအဝင် တပ်မတော်သား၊ စစ်သားဟာ ပြည်သူထဲက မွေးဖွားတာပဲ။

❖ ကံတရားဟာ ကံကောင်းခြင်းမဟုတ်ဘူး။ ကံတရားဟာ အခိုက်အတန့်သာဖြစ်တယ်။ ကြာရှည်တည်မြဲမနေဘူး။ အကောင်းအဆိုး အတက်အကျ။ ကံကောင်းခြင်းဆိုတာကတော့ အဲသလိုမဟုတ်။ ကံကောင်းခြင်းဆိုတာက ကိုယ်ကိုယ်တိုင်ဖန်တီးရတာဖြစ်ပါတယ်။ မိမိနဲ့သက်ဆိုင်လို့ ကိုယ်ပိုင်ဆိုင်တယ်လို့လည်းဆိုနိုင်တယ်။ အတော်အတန် တည်တံ့ခိုင်မာတယ်။ ကိုယ်ရည်ကိုယ်သွေးကို တိုးတက်စေတယ်။ ကိုယ်ကစောင့်မျှော်နေရတဲ့အရာမဟုတ်ဘူး။ ကိုယ်တိုင်ရှာဖွေကြိုးစားဖန်တီးယူခဲ့ရခြင်းသာဖြစ်တယ်။ ❖

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ လယ်ယာမြေဧက ၁၀၀၀ ကို စနစ်ကျလယ်ယာမြေများအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် လျာထားဆောင်ရွက်နေ



**နေပြည်တော် မတ် ၆**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ လယ်ယာမြေဧက ၁၀၀၀ ကို စနစ်ကျလယ်ယာမြေများအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် လျာထားဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သတင်းများအရ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက လက်မှုလယ်ယာမြေစနစ်မှ စက်မှုလယ်ယာမြေစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်ရာတွင် စနစ်ကျလယ်ယာမြေများ၊ အချိန်အဟုန်ဖြင့် အလျင်အမြန်တိုးတက် ဖြစ်ပေါ်လာစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါဆောင်ရွက်ပေးနေမှုများအရ စနစ်ကျလယ်ယာမြေများကို ဇန်နဝါရီ ၁ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ယခုမတ်လကုန်တွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်သည်။

ကရင်ပြည်နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စနစ်ကျလယ်ယာမြေ ဧက ၉၀၀ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘားအံမြို့နယ် မောက်မောက်လာကျေးရွာတွင် လယ်ယာမြေဧက ၃၀၀၊ လှိုင်းဘွဲ့မြို့နယ် ထန်းကုန်းကျေးရွာတွင် လယ်ယာမြေဧက ၃၀၀ နှင့် ကောင်းကျေးရွာတွင် လယ်ယာမြေဧက ၁၅၀၊ ကော့ကရိတ်မြို့နယ် ကော့တာကျေးရွာတွင်လယ်ယာမြေဧက ၂၅၀ စုစုပေါင်းလယ်ယာမြေဧက ၁၀၀၀ ကို စနစ်ကျလယ်ယာမြေများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ SKL

# မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးကောင်း မတ် ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆားမှော်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးဇော်မင်းသိုက်၊ မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ဆားမှော်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လမ်းအရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆားမှော်ကျေးရွာတွင် အရှည်ခြောက်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည် ငါးပေ၊ အကျယ် ၁၈ ပေနှင့် အမြင့် ငါးပေရှိ Box Culvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၁၄ ဒသမ ၈ သန်းဖြင့် Asia Boom ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။ **ချစ်ဦးကို**

# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၆၆၅၃၀ စိုက်ပျိုးပြီးစီး

**ဒေးဒရဲ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၆၆၅၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၇၆၅၃၀ ကို ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၆၆၅၃၀ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိသည့် နွေစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်နွေစပါး ဧက ၇၆၅၃၀ ပြည့်မီအောင်စိုက်ပျိုးဖို့ ဆက်လက်လုပ်ဆောင်နေပါတယ်။ ဒီနှစ်နွေစပါးစိုက်ပျိုးဖို့ တောင်သူတွေလိုအပ်တာတွေ၊ ပြင်ဆင်နေတာတွေ လုပ်ပေးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကလဲ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့စိုက်ပျိုးရေးညွှန်ကြားချက်တွေကို မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုတတ်စေဖို့၊ အစားထိုးဓာတ်မြေဩဇာတွေ လုပ်ဆောင်အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ ပို့ချပေးနေပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။



ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၇၆၅၃၀ စိုက်ပျိုးရာတွင် ဧည့်မထ၊ ရက် ၉၀၊ GW1၊ GW3၊ ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်ရန် မြေတိုင်းတာခြင်းဆောင်ရွက်

**စလင်း မတ် ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေပြင်အနိမ့်၊ အမြင့်တိုင်းတာခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက လက်ပကန်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းတစ်လျှောက် မြေပြင်အနိမ့်၊ အမြင့်တိုင်းတာခြင်း၊ လမ်းအကွေ့ကြောင်းရာဖွေခြင်း၊ လက်ရှိကုန်ထုတ်လမ်းအသုံးပြုမှုအခြေအနေ၊ မြေနေရာရရှိနိုင်မှုအခြေအနေ၊ ရေမြောင်းနှင့်တံတား လိုအပ်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လက်ပကန်ကျေးရွာ၌ အရှည် ခုနစ်ဖာလုံ ကုန်ထုတ်လမ်းဖောက်လုပ်ရန်လျာထားပြီး အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည်ဆိုပါက ကျေးရွာရှိ အိမ်ခြေ ၂၁၃ အိမ်၊ လူ ၉၈၉ ဦးနှင့် လယ်ယာမြေဧက ၅၀၀ တွင် စိုက်ပျိုးထားသည့် စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ဝါနှင့် အခြားသီးနှံ မျိုးစုံ ရာသီမရွေး ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်၍ ကျေးလက် နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

# ကျောက်တော်မြို့နယ် ကြောင်စွယ်ဖြူကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ကျောက်တော် မတ် ၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကြောင်စွယ်ဖြူကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကြောင်စွယ်ဖြူကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး မြောက်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန်နှင့် ကျေးရွာ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်တော်မြို့နယ် ကြောင်စွယ်ဖြူကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ အမြင့် ခြောက်ပေ မြေသားရေကန် တူးဖော်ခြင်းနှင့် အရှည်ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၈၄၅ သန်းဖြင့် Seven Technology ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းပြီးစီးမှုကြောင့် ကြောင်စွယ်ဖြူကျေးရွာရှိ အိမ်ခြေ ၂၀၂ အိမ်၊ လူ ၆၀၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ပြောပြ၍ သိရသည်။ **ကိုသန်း**



# ကြေးစားလက်ဝှေ့ချန်ပီယံ ဒေါက်ဂလပ်(စ)မင်ကို အသေထိုးခဲ့သည့် ဘားမားမောင်သောင်း

အိန္ဒိယနိုင်ငံ မဒရပ်မြို့ရှိ ပေ ၁၀၀ ပတ်လည် ကျယ်ဝန်းသော စိမ်းလန်းစိုပြည်လှသည့် မြင်းကြီး အတွင်းဖြစ်၏။ အလယ်ဗဟို၌ တည်ဆောက်ထားသည့် လေးခန်းပတ်လည် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး အပေါ် ထပ်ဝယ် ကြေးစားလက်ဝှေ့ကျော်မောင်သောင်း သည် လက်ဝှေ့ပွဲ၌ဝတ်ဆင်မည့်ခြုံထည်ကြီး၊ ဘောင်းဘီ တိုအနက်နှင့် အခြားသော ပစ္စည်းပစ္စယများကို ဗီရို ကြီးအတွင်းမှထုတ်၍ စားပွဲဝိုင်းကြီးပေါ် သို့ တင်ထား သည်။ မသန်းကြည်နှင့် မခင်စိုးသည် စားပွဲဝိုင်းအနီးရှိ ကော်ဇောပေါ် တွင် မောင်သောင်း၏အကျီ၊ ဘောင်းဘီ ရှည်နှင့် လုံချည်များကို စုပုံထားလျက် မီးကြွေတိုက် ပေးနေကြသည်။ မခင်စိုးသည် စားပွဲဝိုင်းကြီးပေါ်၌ တင်ထားသော ကတ္တီပါဝတ်စုံနီကြီးကို စိုက်၍ ကြည့်ရင်း မေးတော့သည်။

“အစ်ကိုကြီး။ ဒီကတ္တီပါအနီကြီး ဘာလုပ်တဲ့ ဟာကြီးလဲဟင်”

“အဲဒါလား၊ အဲဒါ အစ်ကိုကြီး လက်ဝှေ့ကြိုးဝိုင်း ပေါ် တက်သွားတဲ့အခါတိုင်း ဝတ်ခြုံလေ့ရှိတဲ့ လက်ဝှေ့ဝတ်ရုံပေါ့ကွ။ လက်ဝှေ့မထိုးခင် ပရိသတ် အများနဲ့ မိတ်ဆက်ပေးတဲ့အခါမှာ ဒီဝတ်ရုံကြီးကို ဝတ်ထားရတယ်။ ထိုးခါနီးတော့မှ ချွတ်လိုက်တယ်”

“ဒီဝတ်ရုံကြီးကို ဝတ်ထားတော့ ဘာဖြစ်လဲဟင် အစ်ကိုကြီး”

“အစ်ကိုတို့ ကြေးစားလက်ဝှေ့သမားတွေဟာ အပေါ်အကျီမပါ ဗလာကိုယ်တုံးလုံးနဲ့ လက်ဝှေ့သတ် ကြရသကွ။ ပွဲမစမီ ချွေးထွက်အောင် လှုပ်လှုပ်ရှားရှား လုပ်ထားရသေးတော့ ချွေးတွေ ရုတ်တရက်တိတ်မသွား အောင် အဲဒီဝတ်ရုံမျိုးကြီးကို ခြုံထားရတယ်။ အေးလှ တဲ့ ဒေသတွေမှာဆိုရင် ပိုပြီးလိုအပ်တာပေါ့။ ဝတ်ရုံ ရှည်ကြီးကိုဝတ်ခြုံ ကြိုးဝိုင်းအပေါ် ကိုတက်ပြီး ပရိသတ် အများနဲ့ မိတ်ဖွဲ့ပေးရာမှာ အစ်ကိုကြီးရဲ့အမည်ဟာ ဘယ်သူဘယ်ဝါဆိုတာနဲ့ အစ်ကိုကြီးဟာ ဘယ်နိုင်ငံ က ဖြစ်တယ်ဆိုတာကို မပြောဘဲသိမြင်နေကြရအောင် ဒီဝတ်ရုံရဲ့ ကျောပြင်မှာ Burma Maung Thaung ဆိုတဲ့ စာတန်းကိုရေးထိုးထားတယ်”

မသန်းကြည်နှင့် မခင်စိုးသည် မောင်သောင်း၏ ရှင်းလင်းပြမှုကို စိတ်ဝင်စားစွာဖြင့် နားစိုက်၍ ထောင် နေကြသည်။

“လိုရင်းပဲပြောရရင် တို့ဗမာတွေဟာ ကျွန်လူမျိုး တွေမဟုတ်ဘူးဆိုတာကို ကမ္ဘာကသိအောင် အစ်ကို ကြီးလုပ်ပြဖို့ ဆုံးဖြတ်ထားတယ်။ အေး မင်းတို့ သိထား ဖို့တစ်ခုကတော့ အခုလို အစ်ကိုကြီးလက်ဝှေ့ထိုးသတ် နေတာဟာ မြန်မာကို ကမ္ဘာကသိစေချင်လို့ပဲဟေ့”

ဘယ်အရာမဆို သိပ်သိပ်သည်းသည်း၊ လျို့ဝှက် လုပ်တတ်ကိုင်တတ်သော မောင်သောင်းသည် သူ၏ ရည်ရွယ်ချက်များကို ဖွင့်ဟထုတ်အန်ခဲ့လှသည်။

“မနက်ဖြန်ညမှာ အစ်ကိုကြီးလက်ဝှေ့သတ်မယ်။ ည ၉ နာရီမှာပွဲစမယ်။ ညည်းတို့နှစ်ယောက်လဲ လိုက်ခဲ့ကြ။ အစ်ကိုကြီးနဲ့လိုက်လာတဲ့အခါမှာ မြန်မာ အဝတ်အစားတွေ ဝတ်ခဲ့ရမယ်”

မြန်မာအဝတ်အစားကိုသာ ဝတ်ဆင်စေလိုသဖြင့် မသန်းကြည်နှင့် မခင်စိုးတို့နှစ်ယောက်ကို အိန္ဒိယ လုပ်အထည်အလိပ်များကို မြန်မာထဘီ၊ မြန်မာ အကျီအဖြစ်ချုပ်ကာ ဝတ်စေသည်။ မောင်သောင်း ကိုယ်တိုင်ကလည်း ရောက်လေရာရာမြို့များတွင် လုံချည်ဝတ်ကာ မြန်မာလူမျိုးဖြစ်ကြောင်း ဝင့်ြွ လေ့ရှိသည်။

လက်ဝှေ့ကျော် ဘားမားမောင်သောင်းသည် မနက်ဖြန်ညတွင် ကိုးလ်ကတ္တားမြို့မှ ဖယ်သာဝိတ်တန်း ချန်ပီယံ နဂျီးဆင်းနှင့် သုံးမိနစ် ရှစ်ချီပွဲ ထိုးသတ်ရန် စာချုပ်ချုပ်ထားသည်။ အချိန်ကား ၁၉၄၆ ခုနှစ် အောက်တိုဘာ ၈ ရက်ည။

လက်ဝှေ့ရုံကြီးအတွင်းမှ လက်ဝှေ့ကြည့်ပရိသတ် ၁၀၀၀၀ ကျော်ကျော်၏ လက်ခုပ်သြဘာသံသည် မြေတုန်မတတ် ဟိန်းဟည်းလျက်ရှိသည်။ တဝေါဝေါ တသောသောနှင့်။ မျက်နှာဖြူအင်္ဂလိပ်ဂေါ် ရာတို့သည် လက်ဝှေ့ကြိုးဝိုင်းအနီးမှ ကြည့်ရှုအားပေးလျက်ရှိ၏။ ရွှေပွဲလာပရိသတ် ၁၀၀၀၀ ကျော်သည် အိန္ဒိယလူမျိုး များသာဖြစ်ကြသည်။

အိန္ဒိယပြည်မို့ အိန္ဒိယလူမျိုးချည်းဖြစ်နေသည် ကတော့ မဆန်း။ ဆန်းသည်မှာ မြန်မာ့လက်ဝှေ့ကျော် ဘားမားမောင်သောင်းကို “ဗမာဟေ့ ဗမာဟေ့”ဟု အားပေးနေကြသူကတော့ နှစ်ယောက်တည်းရယ်ပါ။ သူတို့နှစ်ယောက်ကတော့ မသန်းကြည်နှင့် မခင်စိုး။ “ဆင်း. . . ဆင်း. . . နဂျီးဆင်း နဂျီးဆင်း” ဟူသော တစ်ခဲနက်အားပေးလိုက်သံကြီးသည် မိုးခြိမ်းသံတမျှ ကျယ်လွန်းလှ၏။ ကြောက်ပဲ ကြောက်စရာကောင်း လိုက်လေသေးတော့သည်။ အိန္ဒိယပရိသတ်က ၁၀၀၀၀ ကျော်ရှိတာကိုး။

**❖ ကြားထောင့်ဆီသို့ မောင်သောင်း သွားရောက်ရပ်နေစဉ်တွင် ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ရေတွက်တော့သည်။ အမှတ်စဉ်(၁)မှ (၈)ထိ အရောက် ပြန်ထလာ၏။ နောက်ပြီး ပွဲလွှတ်လိုက်သည်။ ပွဲလွှတ်လျှင် လွှတ်ချင်း နှစ်ဦးသား ပူးပြီးသတ်ကြပြန်သည်။ ဒေါက်ဂလပ်(စ)မင်သည် အထိနာနေသဖြင့် တုံ့ပြန်မထိုးဘဲ ခံစစ်အနေအထားနှင့် ကာကွယ်ရုံ ကာကွယ်နေသည်။ သူ့နံဘေးပိုင်းကို အထူးသဖြင့် ကာကွယ်ထားသည်။ မောင်သောင်းက ဘယ်ညာပင့်လက်သီးနှင့် ဘယ်ညာဝိုက်လက်သီး ထိုးလုံး များကို ဖိထိုးနေသည်။ ❖**

သို့သော် မောင်သောင်းကမမှု မထီချေ။ ပရိသတ် ၁၀၀၀၀ ကျော်၏ လက်ခုပ်သြဘာသံကြောင့် အား တက်နေပုံရသော နဂျီးဆင်းသည် မောင်သောင်းကို တွေ့တွေ့ဆိုင်ဆိုင် ထိုးသတ်နေသည်။ မောင်သောင်း က ဤတတိယအချီတွင် နဂျီးဆင်းကိုတည်၍သတ်နေ သည်။ မောင်သောင်း၏ ညာလက်သီး ထိလိုက်လျှင် နဂျီးဆင်း ခါ၍ ခါ၍သွားသည်။ သို့တစေ လက်သီး ပြင်းလှပါသည်ဆိုသော နာမည်ကြီးဆင်းသည် ရှေ့သို့ သာတိုး၍ တိုး၍ မဲနေ၏။ ထိုသို့ အကြိတ်အနယ် ထိုးနေစဉ်မှာပင် တတိယအချီပြီးသည်။

ပထမအချီတွင် မောင်သောင်းရှုံးသည်။ ဒုတိယ အချီတွင် ဆင်းရှုံးသည်။ တတိယအချီတွင် ဆင်းနိုင် သယောင်ယောင်။ နားချိန် တစ်မိနစ်စေ့သည်နှင့် တစ်ပြိုင်နက် စတုတ္ထအချီစရန် ခေါင်းလောင်းသံက ထွက်ပေါ် လာသည်။ ဆင်းသည် ရှင်လန်းတက်ကြွစွာ ထိုင်ရာမှထလိုက်၏။ ပြီးနောက် လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ မောင်သောင်း သည် ဆင်းကို ပြုံးထွေ့ထွေ့နှင့် တစ်ချက်ကြည့်လိုက်ပြီး ထောင့်ဆီမှ ခပ်သွက်သွက်ကလေးထွက်သည်။ အရပ် အမောင်းကောင်းလှသည့် ဆင်းသည် မောင်သောင်းကို စောင့်တော့သည်။ ဘယ်ဖြောင့်ထောက် လက်သီး တစ်လုံးက မောင်သောင်းမျက်နှာဆီသို့ ဝင်လာ၏။ ငုံ့ကာရှောင်လိုက်ပြီး ဆင်း၏ညာဘက်နံဘေးဆီသို့ မောင်သောင်း၏ ဘယ်ပင့်တစ်လုံးဝင်ကျူးသည်။ ထို တစ်လုံးထိလိုက်မှုသည် ဆင်းအဖို့ အသက်ရှူပင် မှား မတတ်ဖြစ်သွားရသည်။ အထိတော့ နာချေပြီ။

ဝင်ပူးကပ်ကာ နောက်ထပ်ဆင့်လက်သီးများ ပစ်သွင်းရန် ချောင်းနေစဉ်တွင် ကြိုးဝိုင်းဒိုင်က မောင်သောင်း၏ ကျောပြင်ကို ပုတ်၍ ခွာစေသည်။ နှစ်ယောက်သားခွာအပြီး ဆင်းကဝင်ပစ်လိုက်သည် တွင် မောင်သောင်းက ခြေညွှတ်၍ဝပ်ကာ တိမ်းလိုက် ပြီး ညာပင့်တစ်ချက်ဆွဲလိုက်ရာ မမျှော်လင့်ဘဲ ဗိုင်းခနဲ ပစ်လဲကျသွားတော့သည်။

“ဟေး. . . ဗမာဟေ့ ဗမာဟေ့။ တို့အစ်ကိုကြီးကွ တို့အစ်ကိုကြီးကွ”

မခင်စိုးနှင့် မသန်းကြည်သည် မတ်တတ်ရပ်၍ လက်သီးလက်မောင်းတန်းကာ အားပေးနေကြသည်။ ပွဲသည်ပြီး၏။ ထိုပွဲသည် ပွဲကြီးပွဲကောင်း မဟုတ်သဖြင့် မောင်သောင်းအတွက် လက်ဝှေ့သတ်ကြေးငွေ ရူပီး ၁၅၀၀ သာရလိုက်သည်။

မောင်သောင်းသည် အသက် ၂၂ နှစ်အရွယ်တွင် အမိမြန်မာပြည်မှနေပြီး အက်စ်အက်စ်ဘားမင်း သင်္ဘောကြီး၌ မီးထိုးသမားဘဝဖြင့် အိန္ဒိယပြည်သို့ တစ်ယောက်တည်း လိုက်ပါသွားလေတော့သည်။ မောင်သောင်းသည် အိန္ဒိယပြည် ဘုံဘေမြို့သို့ ခြေချ ၍ ရက်ပိုင်းကြာကာလ အိန္ဒိယကြေးစား လက်ဝှေ့ ဝိုင်း၊ အင်္ဂလိပ်ကြေးစား လက်ဝှေ့ဝိုင်းနှင့် ဆက်သွယ်မှု ရလေသည်။

“ကျုပ်သူနဲ့ လက်ဆွဲနှုတ်မဆက်နိုင်ဘူး။ ဒီလူဟာ ဗမာလူမျိုးဖြစ်တယ်။ ဗမာလူမျိုးတွေဟာ ကျုပ်တို့ အင်္ဂလိပ်အစိုးရရဲ့ ကျွန်ဖြစ်တယ်။ ကျွန်နဲ့သခင်ဟာ လက်ဆွဲနှုတ်ဆက်ရိုးထုံးစံမရှိဘူး”

အင်္ဂလန်ပြည် လိုက်ဝိတ်ချန်ပီယံ ဒေါက်ဂလပ် (စ)မင်ပြောလိုက်သည့်စကားသည် ကြေးစားလက်ဝှေ့ သတ်ပွဲဖြစ်မြောက်ရေး ကော်မရှင်တစ်ဖွဲ့လုံးကို အံ့အားသင့်သွားစေသည်။ ဘားမားမောင်သောင်း သည်လည်း ရုတ်တရက် အံ့အားသင့်သွား၏။

“မင်း အဲသလိုပြောဖို့မသင့်ဘူးထင်တယ်”

မောင်သောင်း၏မန်နေဂျာဖြစ်သူ ဂျိုးဇက်ဟင်နစီ က ဝင်ဟန့်လိုက်၏။

“ပြောသင့်လို့ပြောတာပဲ။ ကျုပ်တို့လူမျိုးတွေရဲ့ ကျေးကျွန်ဖြစ်တဲ့. . . ”

“ဟိတ်ကောင် မင်းပါးစပ်ကို ပိတ်လိုက်စမ်း။ ငါ့ တိုင်းပြည်နဲ့ ငါ့လူမျိုးကို မင်းမစော်ကားနဲ့။ ငါမခံဘူး။ တို့ဗမာလူမျိုးတွေဟာ ကျွန်လူမျိုးမဟုတ်ဘူးကွ။ သခင်၊ ဘုရင်လူမျိုးကွ၊ သခင်လူမျိုး နားလည်လား။ မင်း ကောင်းကောင်းသတိထား။ မင်းနဲ့ငါ ကနေ့ည သတ်ရမဲ့ပွဲဟာ ငါ့အတွက် ဒေါ်လာရဖို့မဟုတ်တော့ ဘူး။ ငါ့မြန်မာပြည်အတွက် သတ်မှာဖြစ်တယ်။ မင်း တို့ အင်္ဂလိပ်လူမျိုးတွေဟာ တို့ပြည်ကို လက်နက် အားကိုးနဲ့ အနိုင်ကျင့်ပြီး သိမ်းယူနိုင်ခဲ့ပေမဲ့ အင်္ဂလိပ်နဲ့ ဗမာ တစ်ယောက်ချင်း စီးချင်းယှဉ်သတ်တဲ့ပွဲမှာ ဗမာ့ သတ္တိ၊ ဗမာ့စွမ်းရည်ဟာ မင်းတို့အင်္ဂလိပ်တွေထက် အဆတစ်ရာ သာတယ်ဆိုတာ မင်းသိထားပါ”

ဒေါက်ဂလပ်(စ)မင်ကို ဘားမားမောင်သောင်းက လက်ညှိုးငေါက်ငေါက်ထိုး ပြောချလိုက်သည်။

**ဒေါက်ဂလပ်(စ)မင် သေဆုံးခြင်း**

၁၉၄၇ ခုနှစ် ဧပြီ ၁၇ ရက်။

အင်္ဂလန်ပြည် လန်ဒန်မြို့တော်ရှိ အဲလ်ဘတ် အားကစားရုံကြီးတွင် လက်ဝှေ့ပွဲကြည့်ပရိသတ် ၃၀၀၀၀ ကျော်သည် နေရာယူလျက်ရှိကြ၏။ အင်္ဂလန်ပြည် လိုက်ဝိတ်တန်း(၁၃၂ ပေါင်) ချန်ပီယံဖြစ်သူ ဒေါက် ဂလပ်(စ)မင် ကြိုးဝိုင်းပေါ်သို့ တက်ရောက်လာလျှင် လာချင်း ပရိသတ် ၃၀၀၀၀ ကျော်သည် သောင်း သောင်းဖြိုဖြို အားပေးနေကြသည်။

ပြီးနောက် မောင်သောင်းအမည်ကို ကြေညာ လိုက်သည်။ ဘားမားမောင်သောင်းသည် ကတ္တီပါ ကြက်သွေးရောင်ဝတ်ရုံနီကြီး၏ ကျောပိုင်းတွင် Burma Maung Thaung ဟူသော စာလုံးကို အဖြူ ရောင်ငွေချည်ဖြင့် စာလုံးရေးဖော်ထားသည့် ဝတ်ရုံ ရှည်ကြီးကို ဝတ်ဆင်ကာ လက်ဝှေ့စင်မြင့်ပေါ်သို့ ဣန္ဒြေရရ တည်တည်တံ့တံ့တက်လာခဲ့သည်။ ပရိသတ် များသည် မောင်သောင်းကို အားပေးဖော်မရ။ မောင် သောင်းကလည်း အံကိုကြိတ်ထားပြီး သူ့ညာလက်သီး ကို အပေါ်သို့မြှောက် လက်ပြသည်မှအပ အင်္ဂလိပ် ပရိသတ်များကို လေးလေးစားစားဟန်မပြချေ။ ဦးညွှတ်ရန် လုံးဝစိတ်မကူးပေ။

ပထမအချီ စတင်ထိုးသတ်ရန် ခေါင်းလောင်းသံ ထွက်ပေါ် လာသည်။ မောင်သောင်းသည် ပွဲစတင် လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဒေါက်ဂလပ်(စ)မင် ကို တရကြမ်းဝင်သတ်တော့သည်။ ဒေါက်ဂလပ်(စ) မင်၏ အသည်းနှင့်ကျောက်ကပ်တည်နေရာကို သဲသဲ မဲမဲထိုးနေသည်။ ပင့်လက်သီး၊ ဝိုက်လက်သီး ထိုး ချက်နှင့် ညာဝိုက်လက်သီး ထိုးချက်များကို အားပြု ကာ ဦးစားပေးလျက်ထိုးနေသည်။ ဒေါက်ဂလပ်(စ) မင်ကလည်း ဘယ်ညာပင့်လက်သီးထိုးလုံးများနှင့် ပူးကပ်သတ်ရာ၌ ထိုးရသည့်လက်သီးထိုး ထိုးလုံးထိုး ကွက်များဖြင့် မောင်သောင်း၏ ထိုးဟန်ကို ဖျက်ပစ် နေသည်။ နှစ်ဦးသားတိုက်စစ်ဆင်၍ ဘတစ်ပြန်၊ ကျားတစ်ပြန် ပူးကပ်သတ်နေမှုကို ပရိသတ်များက ကျေနပ်ကာ တစ်ခဲနက် ဟစ်ကြွေးကာ သောင်းသောင်း ဖြိုဖြိုအားပေးလျက်ရှိကြ၏။

ထိုးချီ သုံးမိနစ် အချိန်စေ့သဖြင့် ပထမအချီပြီး၏။ ဒုတိယအချီထိုးရန် ခေါင်းလောင်းသံထွက်ပေါ် လာ သည်နှင့်တစ်ပြိုင်နက် သူ့ထောင့်မှနေပြီး လျင်မြန် ပေါ့ပါးစွာထွက်ပြီး ဒေါက်ဂလပ်(စ)မင်၏ အသည်း နှလုံးကို ညာပင့်လက်သီးတစ်လုံး အားကုန်ပစ်ကျူး လိုက်ရာ အရုပ်ကြိုးပြတ်လဲခွေကျသွားလေသည်။

ကြားထောင့်ဆီသို့ မောင်သောင်း သွားရောက် ရပ်နေစဉ်တွင် ကြိုးဝိုင်းဒိုင်က အမှတ်စဉ်ရေတွက် တော့သည်။ အမှတ်စဉ်(၁)မှ (၈)ထိ အရောက် ပြန်ထ လာ၏။ နောက်ပြီး ပွဲလွှတ်လိုက်သည်။ ပွဲလွှတ်လျှင် လွှတ်ချင်း နှစ်ဦးသား ပူးပြီးသတ်ကြပြန်သည်။ ဒေါက်ဂလပ်(စ)မင်သည် အထိနာနေသဖြင့် တုံ့ပြန် မထိုးဘဲ ခံစစ်အနေအထားနှင့် ကာကွယ်ရုံကာကွယ် နေသည်။ သူ့နံဘေးပိုင်းကို အထူးသဖြင့် ကာကွယ် ထားသည်။ မောင်သောင်းက ဘယ်ညာပင့်လက်သီး နှင့် ဘယ်ညာဝိုက်လက်သီး ထိုးလုံးများကို ဖိထိုးနေ သည်။ ဒေါက်ဂလပ်(စ)မင် ခံနေရချိန်၌ ဒုတိယ အချီပြီးသည်။

ပထမအချီတွင် သရေပွဲဖြစ်သော်လည်း ဒုတိယ အချီတွင် မောင်သောင်းက အမှတ်ဖြင့် အနိုင်ရနေ ပေသည်။ သို့တစေ တတိယအချီနှင့် စတုတ္ထအချီဝယ် မောင်သောင်းခံရသည်။ မောင်သောင်းက နောက် ကောက်ထိုးချလိုစိတ် ပိုကဲနေပုံရသည်။ ပဉ္စမအချီ တွင် မောင်သောင်း၏ မေးရိုးကို ညာဖြတ်တစ်လုံး ဝင်ရောက်ထိမှန်သွားရာ မောင်သောင်း ဝုန်းခနဲလဲခွေ ကျသွားသည်။ ထိုစဉ်တွင် ပရိသတ် ၃၀၀၀၀ ကျော်၏ သြဘာသံကြီးသည် တစ်ပြိုင်နက်တည်း ဟိန်းဟည်းကာ ထွက်ပေါ် လာသည်။ ကြိုးဝိုင်းဒိုင်၏ ရေတွက်ချက် အမှတ်စဉ်(၄)အရောက် မောင်သောင်းပြန်ထလာ သည်။ သူ့ကို မရပ်မနားဖိ၍သတ်တော့၏။ မောင် သောင်းကို သဲသဲမဲမဲဖိထိုးနေစဉ်ဝယ် မောင်သောင်း ၏ အလွန်အားပါလှသော ညာဖြတ်တစ်ချက်သည် ဒေါက်ဂလပ်(စ)မင်၏ အသက်ဇီဝိန်ကို နှုတ်ယူလိုက် ခြင်းပင်ဖြစ်ပေတော့သည်။

ရွှေဘိုဘာမထီခင်အောင်

# တစ်ယောက်ဆိုတစ်ယောက် ထွန်းထွန်းပေါက်ပေါက်

မြင်းခြံကျော်အောင်

လူဟာ အသိုက်အဝန်းအစုအဖွဲ့နဲ့နေတဲ့သတ္တဝါဖြစ်တယ်။ မိသားစုအသိုက်အဝန်း၊ ဆွေမျိုးအသိုက်အဝန်းတွေ လူတိုင်းရှိတယ်။ ဒါ့ပြင် လုပ်ငန်းခွင်အသိုက်အဝန်း၊ နိုင်ငံမြို့ရွာအသိုက်အဝန်းတွေမှာလဲ နေကြရတယ်။ အဲဒီအသိုက်အဝန်းမှာ အများစုကြီးကတော့ သာမန်လူတွေပါပဲ။ ထူးထူးခြားခြားပြောစမှတ်ပြုလောက်တဲ့လူတွေမဖြစ်ကြပါဘူး။ အနည်းစုသောလူတွေကပဲ အဲဒီအသိုက်အဝန်းမှာ တစ်ယောက်ဆိုတစ်ယောက် ထွန်းထွန်းပေါက်ပေါက် ပေါ်ထွန်းလာတာတွေ့ရမှာပါ။

လူတိုင်းကြိုးပမ်းသင့်တာကတော့ သာမန်လူအဖြစ်မဟုတ်ပါဘူး။ ထွန်းပေါက်သူဖြစ်အောင် စွမ်းဆောင်ကြရမှာပါ။ အဲဒီလိုထွန်းပေါက်ရင် ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းဟာ ကြီးပွားချမ်းသာကြပါမယ်။ ဂုဏ်ရှိကြပါမယ်။ မြို့ရွာ၊ တိုင်း၊ နိုင်ငံမှာ ထွန်းပေါက်သူများရင် တိုင်းနိုင်ငံလဲ ကြီးပွားချမ်းသာပြီး နိုင်ငံ့ဂုဏ်လဲ မြင့်မားလာမှာဖြစ်တယ်။ သာမန်လူချည်းများတဲ့နိုင်ငံဆိုရင်တော့ ဆင်းရဲတဲ့နိုင်ငံပဲဖြစ်မှာပါ။

ဒါကြောင့် လူတိုင်းဟာ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ ကိုယ့်မိသားစု၊ ကိုယ့်မြို့ရွာမှာ ထွန်းပေါက်သူဖြစ်အောင် ကြိုးပမ်းကြရပါမယ်။ ဒီထက်ကြိုးစားနိုင်ရင် ကိုယ့်နိုင်ငံမှာ ထင်ရှားသူဖြစ်အောင် ကြိုးစားရမယ်။ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ ကမ္ဘာပေါ်မှာ အလွန်တန်ဖိုးရှိတဲ့လူဖြစ်အောင် ကြိုးစားနိုင်ရင် အကောင်းဆုံးပါပဲ။ အဲဒီအခါ လောကကြီးကိုပါ ကောင်းကျိုးပြုသူဖြစ်သွားပါမယ်။

ဒီလိုဖြစ်အောင်လုပ်ဖို့ ခက်ပါတယ်လို့ ယူဆကောင်းယူဆကြမှာပါ။ အမှန်က မခက်ပါဘူး။ ခက်နေတာက ကြိုးစားချင်စိတ်မရှိကြတာ၊ အချိန်ကိုအကျိုးအရှိဆုံးမသုံးချင်ကြတာ၊ ကိုယ့်ရဲ့တန်ဖိုးကို မမြှင့်တင်ကြတာက ခက်နေတာပါ။ အဲဒါတွေကျော်လွှားလွန်မြောက်အောင်လုပ်ကိုင်ရင် ကိုယ်ဟာ တစ်ယောက်ဆိုတစ်ယောက် ထွန်းထွန်းပေါက်ပေါက် လူတစ်ယောက်အမှန်ဖြစ်လာမှာပါ။

ဒါနဲ့ပတ်သက်လို့ ဒီကမ္ဘာလောကကြီးမှာ နမူနာပြသွားသူတွေအများကြီးရှိတယ်။ အဲဒီထဲကမှ နှစ်ယောက်အကြောင်း ဖော်ပြလိုက်ပါတယ်။

❖ လူတိုင်းကြိုးပမ်းသင့်တာကတော့ သာမန်လူအဖြစ်မဟုတ်ပါဘူး။ ထွန်းပေါက်သူဖြစ်အောင် စွမ်းဆောင်ကြရမှာပါ။ အဲဒီလိုထွန်းပေါက်ရင် ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းဟာ ကြီးပွားချမ်းသာကြပါမယ်။ ဂုဏ်ရှိကြပါမယ်။ မြို့ရွာ၊ တိုင်း၊ နိုင်ငံမှာ ထွန်းပေါက်သူများရင် တိုင်းနိုင်ငံလဲ ကြီးပွားချမ်းသာပြီး နိုင်ငံ့ဂုဏ်လဲ မြင့်မားလာမှာဖြစ်တယ်။ သာမန်လူချည်းများတဲ့နိုင်ငံဆိုရင်တော့ ဆင်းရဲတဲ့နိုင်ငံပဲဖြစ်မှာပါ။ ဒါကြောင့် လူတိုင်းဟာ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ ကိုယ့်မိသားစု၊ ကိုယ့်မြို့ရွာမှာ ထွန်းပေါက်သူဖြစ်အောင် ကြိုးပမ်းကြရပါမယ်။ ဒီထက်ကြိုးစားနိုင်ရင် ကိုယ့်နိုင်ငံမှာ ထင်ရှားသူဖြစ်အောင် ကြိုးစားရမယ်။ ❖

**မြန်မာနိုင်ငံရဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်**

ဦးသန့်ဟာ အာရှတိုက်သားထဲက ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ပထမဆုံးကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ထမ်းရွက်ခဲ့သူ မြန်မာနိုင်ငံသားဖြစ်တယ်။ နှောင်းခေတ်အာရှနိုင်ငံတွေက ခေါင်းဆောင်တွေဟာ ဦးသန့်ကို လေးစားဂုဏ်ယူကြတယ်။ မြန်မာနိုင်ငံရဲ့ဂုဏ်ဆောင်ပုဂ္ဂိုလ်လို့လဲ အသိအမှတ်ပြုကြတယ်။ အဲဒီလိုဂုဏ်ပြုခံရသူဖြစ်တဲ့ ဦးသန့်ဟာ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့က ကုန်သည်မိသားစုက မွေးဖွားလာသူဖြစ်တယ်။ ဦးသန့်ဟာ ငယ်စဉ်ကတည်းက စာဖတ်တာဝါသနာပါတယ်။ ကျောင်းစာအပြင် အခြားပြင်ပက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကိုလဲဖတ်တယ်။ မြန်မာစာသာမဟုတ်၊ အင်္ဂလိပ်သတင်းစာတောင် အိမ်နီးနားချင်းဆီကငှားပြီး ညဉ့်နက်တဲ့ထိ ကြော်ငြာပါမကျန်ဖတ်တယ်။ ဒါ တစ်နေ့တည်းမဟုတ်ဘူး။ နေ့စဉ်၊ ညဉ့်စဉ်ဖတ်တာ။ ဒါနဲ့ ပညာဗဟုသုတကြွယ်ဝရတယ်။ အဲဒါ ဦးသန့်ရဲ့ ကြီးပွားခြင်းအခြေခံအုတ်မြစ်ဖြစ်တယ်။

ဦးသန့်ဟာ ၁၉၂၆ ခုနှစ်မှာ ၁၀ တန်းအောင်ပြီး ၁၉၂၈ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်က ဥပစာတန်းအောင်ခဲ့တယ်။ သူ့ဖခင်ကွယ်လွန်ပြီးနောက် ငွေကြေးအခက်အခဲရှိလို့ ဘွဲ့ရတဲ့ထိ ကျောင်းမတက်နိုင်ခဲ့ဘူး။ ၁၉၃၀ ပြည့်နှစ်မှာ အထက်တန်းဆရာဖြစ်လက်မှတ်ရစာမေးပွဲဝင်ဖြေတာ မြန်မာတစ်နိုင်ငံလုံးမှာ ပထမရခဲ့တယ်။ ဦးသန့်ဟာ အဲဒီလောက်ထူးချွန်တာ။ ပန်းတနော်အထက်တန်းကျောင်း(ယခု အထက-၁ ပန်းတနော်)မှာ အထက်တန်းပြဆရာလုပ်ခဲ့တယ်။ သူ့ရဲ့အရည်အချင်းပြည့်ဝမှုကြောင့် သုံးနှစ်တာဝန်ထမ်းဆောင်ပြီး အဲဒီကျောင်းမှာ ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခံရတယ်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့ ဝန်ကြီးချုပ် ဦးနုက ဦးသန့်ရဲ့ အရည်အချင်းကိုသိပြီး အုပ်ချုပ်ရေးဘက်ပြောင်းလုပ်ဖို့ ကမ်းလှမ်းတယ်။ ဒါနဲ့ ဦးသန့်ဟာ ၁၉၅၁ ခုနှစ်ကစပြီး ၁၉၅၇ ခုနှစ်ထိ ဦးနုရဲ့အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့တယ်။

၁၉၅၇ ခုနှစ်မှာတော့ နိုင်ငံတော်အစိုးရက ဦးသန့်ကို မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂမှာ တာဝန်ထမ်းရွက်ဖို့ ရွေးချယ်ခဲ့တယ်။ သူတာဝန်ထမ်းရွက်ချိန်မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ဒက်ဟမ်းမားရှိုးဖြစ်တယ်။

၁၉၆၁ ခုနှစ် ဒက်ဟမ်းမားရှိုးဟာ ခရီးသွားရင်း လေယာဉ်ပျက်ကျရာမှာ ကွယ်လွန်ခဲ့တယ်။ အဲဒီအခါ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်လစ်လပ်တဲ့ရာထူးနေရာအတွက် ဦးသန့်ကိုပဲ ရွေးချယ်ခဲ့ကြတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်စတင်ထမ်းရွက်စဉ် တစ်နှစ်မပြည့်ခင်မှာပဲ ဦးသန့်ဟာ ကမ္ဘာ့ပြဿနာကြီးနှစ်ခုကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့တယ်။ ပထမတစ်ခုက ကျူးဘားအရေးအခင်း။ နောက်အရေးအခင်းတစ်ခုက ကွန်ဂိုသူပုန်တွေဟာ ကုလသမဂ္ဂတပ်တွေကို တိုက်ခိုက်သတ်ဖြတ်လို့ ကုလသမဂ္ဂတပ်ဖွဲ့ဝင်တွေ သေဆုံးရတာဖြစ်တယ်။ ဦးသန့်ဟာ အနိုင်မခံအရှုံးမပေးတဲ့စိတ်နဲ့ကွန်ဂိုကို ကုလသမဂ္ဂတပ်အမြောက်အမြားစေလွှတ်ပြီး သူပုန်တွေကိုနှိမ်နင်းစေတယ်။ ဒီမှာတင် ကွန်ဂိုပြည်တွင်းစစ်ပြီးဆုံးသွားခဲ့ရတယ်။ ဦးသန့်ရဲ့ လုပ်ရည်ကိုင်ရည်က အဲဒီလောက်ပြောင်မြောက်ပါတယ်။

၁၉၆၆ ခုနှစ်မှာ ဒုတိယအကြိမ်အဖြစ် ဦးသန့်ကိုပဲ ကုလသမဂ္ဂကိုယ်စားလှယ်တွေက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တညီတညွတ်တည်း ရွေးချယ်ခဲ့ကြတယ်။ အဲဒီသက်တမ်းမှာလဲ အာရပ်-အစ္စရေးစစ်ဖြစ်ကြတဲ့ အရေးအခင်းမှာ ပြေလည်အောင်ဝင်ရောက်ဖြေရှင်းပေးခဲ့တယ်။ နောက် အာရှနဲ့ အာဖရိကနိုင်ငံအများအပြားကိုလဲ ကုလသမဂ္ဂအဖွဲ့ထဲဝင်လာအောင် စည်းရုံးခဲ့တယ်။ ပြီးတော့ ကုလသမဂ္ဂကို ကမ္ဘာ့ရဲ့လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လာအောင်လဲ လုပ်ဆောင်ပေးခဲ့တယ်။ ဒါ့ပြင် ဗီယက်နမ်စစ်ပွဲကိစ္စကိုလဲ ဝင်ရောက်ဖြေရှင်းပေးခဲ့တယ်။

တတိယအကြိမ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ဖို့ အဖွဲ့ကြီးကတောင်းဆိုပေမဲ့ ဦးသန့်က ငြင်းပယ်ခဲ့တယ်။ ဦးသန့်ဟာ မြန်မာနိုင်ငံသားတွေထဲက တစ်ယောက်ဆိုတစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖြစ်ခဲ့တယ်။

အဲဒီလို ထွန်းပေါက်ထင်ရှားသူဖြစ်ရတာတွေက သူ့ရဲ့အရည်အချင်းနဲ့ သူ့ရဲ့လုပ်ရပ်တွေကြောင့်ဖြစ်တယ်။ ပေါ်လွင်တာတွေကတော့ ဦးသန့်ဟာ အင်္ဂလိပ်စာပေ၊ မြန်မာစာပေတွေကို အစဉ်ဖတ်မှတ်လေ့လာတယ်။ စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်တယ်။ ပေါင်းသင်းဆက်ဆံရေးကောင်းသူဖြစ်တယ်။ စာဖတ်တော့ ပညာပြည့်ဝတယ်။ ပညာစုံတော့ စကားပြောကောင်းသူဖြစ်တယ်။ မိမိတာဝန်ရှိတဲ့လုပ်ငန်းလုပ်ရာမှာ အရည်အချင်းပြည့်ဝစွာနဲ့ ဆောင်ရွက်တော့ အောင်မြင်တယ်။ ပေါင်းသင်းဆက်ဆံရေးပြေပြစ်တော့ မိတ်ကောင်းဆွေကောင်းတို့ရဲ့ စောင့်ရှောက်မှုရတယ်။

ဒါတွေကို အတုယူရမှာပါ။ ဦးသန့် ဒီလိုထွန်းပေါက်သူဖြစ်ခဲ့လို့ ကမ္ဘာမှာဖြစ်မဲ့စစ်ကြီးကို ငြိမ်းစေခဲ့တယ်။ တိုင်းနိုင်ငံအချင်းချင်း ဆက်ဆံရေးအဆင်ပြေခဲ့တယ်။ မြန်မာနိုင်ငံရဲ့ဂုဏ်လဲ တက်ခဲ့ရတယ်မဟုတ်ပါလား။ ဒါကြောင့် ကျွန်တော်တို့ နောင်လာနောက်သားတွေလဲ မိမိတို့ကျင်လည်ရာဘဝမှာ ထွန်းပေါက်အောင်မြင်ချင်ရင် ဦးသန့်ကိုအတုယူကြပါလို့ တိုက်တွန်းအပ်ပါတယ်။

ဆက်လက်ဖော်ပြသွားမှာက စီးပွားရေးမှာ ထွန်းပေါက်ထင်ရှားသူဖြစ်တယ်။

**အာရှမှာ အချမ်းသာဆုံးဖြစ်လာသူ ဟောင်ကောင်သူဌေးကြီး လီကာရှင်း**

လူတိုင်း ဥစ္စာဘဏ္ဍာကြွယ်ဝချမ်းသာချင်ကြတယ်။ ဒါပေမဲ့ ချမ်းသာသူတွေကနည်းပြီး ဆင်းရဲနေသူတွေက အဆမတန်များပြားနေပါတယ်။ အဲဒါ ဘာကြောင့်ပါလဲ။ လုပ်နည်းမသိကြလို့လဲဖြစ်မယ်။ လုပ်နည်းသိတယ်။ ဒါပေမဲ့ တကယ်လက်တွေ့တိတိကျကျမလုပ်ကြလို့လဲဖြစ်တယ်။ လုပ်နည်းသိရရင် လုပ်ပါတယ်ဗျာ ဆိုသူတွေလဲရှိမှာပါ။ အဲဒီတော့ လီကာရှင်းသူဌေးဖြစ်နည်း အကြောင်းပြောပြပေးပါမယ်။ အမှန်ပါ။

လီကာရှင်းဟာ တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်သားပါ။ အဲဒီမှာ မူလတန်းပညာသင်ယူခဲ့တယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ ဂျပန်တွေကဝိုင်းလာကြလို့ မိသားစုနဲ့ ဟောင်ကောင်ကို ထွက်ပြေးလာခဲ့တယ်။ ဟောင်ကောင်ရောက်ပြီးမကြာခင် ဖခင်ဟာ တီဘီရောဂါနဲ့ ကွယ်လွန်ခဲ့တယ်။ လီကာရှင်းကို ကူးစက်ခံရပြီး သူဟာ တီဘီဆေးရုံမှာ သီးခြားခွဲထားခံရတယ်။ တော်တော်ကြာဆေးရုံတက်ရပြီး ဆေးရုံကဆင်းခဲ့ရတယ်။ မိသားစုကို ဦးဆောင်လုပ်ကိုင်ကျွေးမွေးမဲ့သူမရှိလို့ လီကာရှင်းဟာ ကျောင်းဆက်မနေရဘဲ ပလတ်စတစ်စက်ရုံမှာ အလုပ်သမားအနေနဲ့ အလုပ်လုပ်ခဲ့ရတယ်။ တစ်နေ့ ၁၆ နာရီ ပင်ပင်ပန်းပန်းလုပ်ခဲ့ရတယ်။ ဆင်းရဲတဲ့ဒဏ်ခံရတဲ့လီကာရှင်းဟာ ဒီဒဏ်ကလွတ်အောင် ကြီးပွားချမ်းသာမှဖြစ်မယ်လို့ အတွေးပေါက်ခဲ့တယ်။ အဲဒီတော့ ချမ်းသာအောင်လုပ်မယ်လို့ ဆုံးဖြတ်မိတာပေါ့။

ဒါကြောင့် လုပ်ခလစာတချို့ကို မိသားစုစားဖို့ပေးပြီး ကျန်ငွေအနည်းအကျဉ်းကို ခြစ်ကုတ်စုဆောင်းခဲ့တယ်။ သူ့အသက် ၂၂ နှစ်ရောက်တော့ ဟောင်ကောင်ဒေါ်လာ ၅၀၀၀၀ စုဆောင်းမိတယ်။ ဒီတင် သူပိုင်ပလတ်စတစ်စက်ရုံတည်ထောင်တယ်။ သူ့ရဲ့ Cheung Kong ကုမ္ပဏီက ပလတ်စတစ်အိမ်သုံးပစ္စည်းတွေ ထုတ်လုပ်တယ်။ အလုပ်သမားဘဝလွတ်မြောက်ပြီး စက်ရုံငယ်ပိုင်ရှင်ဖြစ်အောင် သူကြိုးပမ်းခဲ့တာတွေ့ရမှာပါ။

လီကာရှင်းဟာ စာဖတ်ဝါသနာပါတယ်။ စီးပွားရေးဂျာနယ်၊ မဂ္ဂဇင်းတွေဖတ်တယ်။ အဲဒီလိုဖတ်ရာက အီတလီနိုင်ငံက အိမ်တွေမှာ အလှဆင်တဲ့ပလတ်စတစ်ပန်းတွေ အရောင်းသွက်ကြောင်း ဖတ်မိတယ်။ ဒါနဲ့ သူ့စက်ရုံကလဲ အိမ်အလှဆင်ပလတ်စတစ်ပန်းတွေထုတ်လုပ်ပြီး နိုင်ငံခြားပို့ခဲ့တယ်။ အဲဒီမှာတင် အမြတ်ငွေများများရလိုက်တယ်။

အလုပ်လုပ်ရင်း သူ့ပလတ်စတစ်စက်ရုံမြေဟာ ငှားထားတာဖြစ်တယ်။ မြေပိုင်ရှင်က ဆက်မငှားတော့ဘူးဆိုလာတယ်။ ဒါနဲ့ သူမြေကွက်ရှာပြီး ဝယ်ရတယ်။ အဲဒီမှာတင် မြေကွက်ရှိသူတွေဟာ အကျိုးအမြတ်များများရနိုင်တယ်ဆိုတာ သူသိလာရတယ်။

၁၉၆၇ ခုနှစ်က ဟောင်ကောင်မှာ ကွန်မြူနစ်ထောက်ခံသူတွေနဲ့ ကန့်ကွက်သူတွေတိုက်ခိုက်မှုတွေဖြစ်ပြီး နိုင်ငံရေးမတည်မငြိမ်ဖြစ်လာတယ်။ အဲဒီအခါ လူတွေဟာ ဟောင်ကောင်ကိုစွန့်ပြီး ပြေးကြတယ်။ အိမ်ခြံမြေဈေးတွေကျခဲ့တယ်။ ဒီအခွင့်အရေးကို လီကာရှင်းကမြင်ပြီး အိမ်ခြံမြေတွေ အများကြီးဝယ်ထားလိုက်တယ်။

မရှေးမနှောင်းမှာပဲ တရုတ်နိုင်ငံမှာ မော်စီတုန်းယဉ်ကျေးမှုတော်လှန်ရေးဖြစ်တယ်။ တရုတ်နိုင်ငံသားတွေ ဟောင်ကောင်ကိုပြေးဝင်လာကြတယ်။ ဒီအခါ လီကာရှင်းက သူဝယ်ထားတဲ့မြေတွေပေါ်မှာ သာမန်လူတွေနေနိုင်တဲ့ အထပ်မြင့်တိုက်တွေတည်ပြီး အခန်းတွေရောင်းလုပ်ခဲ့တယ်။ အဲဒီလုပ်ငန်းကနေပြီး သူဟာ အမေရိကန်ဒေါ်လာသန်းချီပြီး ချမ်းသာသွားတယ်။ ဒါ လီကာရှင်းစာဖတ်တဲ့အကျိုး၊ စီးပွားရေးလာဘ်မြင်တဲ့အကြောင်းတွေဖြစ်ပါတယ်။

၁၉၇၉ ခုနှစ်မှာ ဟောင်ကောင်က ဗြိတိသျှအစိုးရပိုင် Hutchison Wham Pou ကုမ္ပဏီကြီးဟာ အရှုံးနဲ့ ရင်ဆိုင်နေရတယ်။ အဲဒီကုမ္ပဏီရဲ့ရှယ်ယာ ၂၂ ရာခိုင်နှုန်းကို လီကာရှင်းက ဝယ်ခဲ့တယ်။ နောက် သူ့ရဲ့ကြိုးပမ်းမှုနဲ့ အဲဒီကုမ္ပဏီဟာ ၁၉၈၉ ခုနှစ်မှာ အမြတ်အများဆုံးရတဲ့ကုမ္ပဏီဖြစ်လာတယ်။ သူလဲ မီလီယံနာကနေ ဘီလီယံနာဖြစ်ခဲ့တယ်။ ပလတ်စတစ်စက်ရုံလုပ်သားလေးကနေပြီး သူဌေးကြီးဖြစ်သွားသူ လီကာရှင်းကို အတုယူအားကျဖို့ အထူးကောင်းတယ်။

ဒါကြောင့် သူလိုဖြစ်ဖို့က စာဖတ်ကြဖို့လိုတယ်။ စာဖတ်တော့ ပညာဗဟုသုတတွေရမယ်။ အမှား၊အမှန်ဝေခွဲနိုင်မယ်။ လုပ်သင့်၊ မလုပ်သင့်ဆုံးဖြတ်နိုင်မယ်။ ကိုယ့်ရဲ့လုပ်ငန်းကြီးကျယ်အောင်၊ ကိုယ်ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ အတွေးရလာမှာပါ။ နောက်တစ်ခုက ကြီးပွားထွန်းပေါက်အောင်ဆိုရင် အပင်ပန်းအဆင်းရဲခံကြရမှာပါ။ သက်သက်သာသာလေးနေချင်လို့ကတော့ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။

ထွန်းထွန်းပေါက်ပေါက်တစ်ယောက်ဖြစ်အောင် လုပ်ငန်းတိုင်းမှာလုပ်လို့ရတယ်။ ပညာရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာ၊ အားကစား ဘယ်ကဏ္ဍမှာမဆို လုပ်လို့ရတယ်။ ကြိုးစားပြီးလုပ်ရင်ဖြစ်တယ်။ ကိုယ့်အားကိုယ်ကိုးပြီး ဇွဲနဲ့ စွန့်စားကြရမှာပါ။ ဘယ်ကဏ္ဍမှာမဆို ငါဟာ ထွန်းပေါက်ရမယ်လို့သာ သန္နိဋ္ဌာန်ချပြီးလုပ်ရင် ဖြစ်နိုင်ပါတယ်။ ဖြစ်အောင်ကြိုးစားကြပါလို့ နှိုးဆော်ပါရစေ။ တကယ်လုပ်ရင်အဟုတ်ဖြစ်တယ်။ အချိန်ဖြုန်းမနေဘဲ တကယ်လုပ်ကြပါလို့ ရေးသားလိုက်ပါတယ်။

**ကိုးကား**

- သူတို့ ဘာကြောင့် ကမ္ဘာကျော်တာလဲ
  ဗန်းမော်သိန်းဖေ

# ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီး၏ ဝတ္ထုကံမြေအတွင်းမှ လုပ်ငန်းများ ဈေးပြိုင်လေလံစနစ်ဖြင့် အငှားချထားဆောင်ရွက်ပေးသွားမည်



**ရန်ကုန် မတ် ၆**

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီး၏ ဝတ္ထုကံမြေအတွင်းမှ လုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် အငှားချထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးသည် ရန်ကုန်မြို့၏ သမိုင်းဝင် ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်သည့်အပြင် ရန်ကုန်မြို့၏ ဒေါင်းတောင်းမြို့နယ်အတွင်း၌ ရှိနေသဖြင့် လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်သည့်အတွက် နေ့စဉ်နှင့်အမျှ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ နိုင်ငံတကာခရီးသွားဧည့်သည်များဖြင့် စည်ကားနေသည့် စေတီတော်တစ်ဆူ ဖြစ်ကြောင်း သိရသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအနေဖြင့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများအဆင်ပြေစွာ ကုသိုလ်ယူ လှူဒါန်းနိုင်စေရေးအတွက် စေတီတော်၏ ဝတ္ထုကံမြေအတွင်းတွင် အုန်း၊ ငှက်ပျောပွဲအရောင်းဆိုင်များကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွားများ၏ ကျန်းမာရေးနှင့် ကိုယ်လက်သန့်စင်နိုင်စေရေးအတွက် သန့်စင်ခန်းများနှင့်ရေချိုးခန်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ စားသောက်ဆိုင်များကိုလည်း သတ်မှတ်စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ရောင်းချခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ခွင့်ပြုဆောင်ရွက်ပေးနေသည့် ဝတ္ထုကံမြေအတွင်းမှ စွန့်ပစ်အုန်းသီး၊ ငှက်ပျောသီးများ ဝယ်ယူခွင့်လုပ်ငန်း၊ သန့်စင်ခန်းနှင့် ရေချိုးခန်းလုပ်ငန်း၊ ကမ်းနားစားသောက်ဆိုင်ဖွင့်လှစ်ရောင်းချခွင့်လုပ်ငန်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသူများအား ဈေးပြိုင်လေလံစနစ်ဖြင့် အငှားချထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် ယခုနှစ် မတ် ၁၃ ရက် နောက်ဆုံးထားကာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် ဈေးပြိုင်လေလံတင်ဒါဖောင်များ ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ အဆိုပါဈေးပြိုင်လေလံကိစ္စနှင့် ပတ်သက်၍ သိရှိလိုပါက ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၃၃၆)

# မင်းတုန်းမြို့နယ် ပေကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းတုန်း မတ် ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ပေကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပေကုန်းကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ပြီးစီးနေမှု အခြေအနေများ၊ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ ဦးညိုဝင်းအောင်က ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကိုရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

မင်းတုန်းမြို့နယ် ကူဖြူကျေးရွာအုပ်စု ပေကုန်းကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၂၀၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁၁ သိန်း စုစုပေါင်းငွေကျပ် ၁၁၁ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ပေကုန်းကျေးရွာရှိ အိမ်ခြေ ၆၉ အိမ်၊ လူ ၃၀၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**













## ဝန်ထမ်းအလိုရှိသည်

- စာရေးမ (၁)ဦး
- လစာ ၁၆၀၀၀၀/-
- ဒန်/သတ္တုဆိုင်
- ၂၆×၂၇ ကြား၊ ၈၆×၈၇ ကြား၊ ဈေးချိုအနောက်ဘက်
- 09-444015552

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နေ မောင်မြင့်ဇော် သိန်း (ဘ) ဦးအေးဝိန်(၁၄/ကပန(နိုင်) ၁၉၈၇၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၇၄၆၅၀၃၄

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နေ စလားဖန် (ဘ) ဦးမောင်ကို (၁၄/ကပန(နိုင်)၁၅၀ ၇၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၉၇၆၄၅၀၇၄

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နေ လင်းလင်းနိုင် (ဘ) ဦးအေးဝင်း (၁၄/ပတန(နိုင်) ၂၀၂၉၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၅၅၄၂၃၃

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နေ ဝင်းဖြိုး (ဘ) ဦးကျော်မောင် (၁၄/ပတန(နိုင်)၁၇၉ ၇၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၁၄၀၉၆၂၃

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နေ ဆွေဆွေမြင့် (ဘ) ဦးမြင့်သိန်း (၁၄/ကပန(နိုင်)၂၅၆ ၀၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၅၈၁၁၀၉၇

**ပျောက်ဆုံးကြောင်း**

ငါးသိုင်းချောင်းမြို့နေ နှင်းနွယ်ဦး (ဘ)ဦးမင်းလွင် (၁၄/ငကန(နိုင်)၁၈၀ ၁၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၂၁၄၁၉၅

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နေ ကျော်သူအောင် (ဘ) ဦးသန်းအောင် (၁၄/မအန (နိုင်)၁၇၁၂၇၉)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၇၉၂၉၃၄၄၀၁

**ပျောက်ဆုံးကြောင်း**

အမာမြို့နေ မမိုးသဿန် (ဘ) ဦးလှသန်း (၁၄/အမတ(နိုင်)၀၄၄၃၄၉) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၀၄၉၅၆၀၃

**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နေ ဦးသန်းထွေး(ဘ)ဦးကျွက်လျန် (၉/မနမ(နိုင်)၁၀၂၄၇၈)၏ နိုင်ငံကူး လက်မှတ်အမှတ်(MD-332924)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၀၂၉၉၉

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နေ သင်းသင်းရှိ (ဘ) ဦးကျော်ထွေး (၁၄/ပတန(နိုင်) ၂၄၈၈၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ ၀၉-၄၅၇၀၄၂၉၀၆

**ပျောက်ဆုံးကြောင်း**

ညောင်တုန်းမြို့နေ မာမာဦး (ဘ) ဦးအေးလှိုင် (၁၄/ညတန(နိုင်)၁၃၁ ၄၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ ၀၉-၇၈၇၂၁၇၁၀၄

**ပျောက်ဆုံးကြောင်း**

ငါးသိုင်းချောင်းမြို့နေ ဦးကျော်စိုး မိုးဝင်း(ဘ) ဦးကျော်ဝင်း (၁၄/ငကန (နိုင်)၀၀၇၅၁၆)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၄၅၁၂၃၈၁၂၆

**မီး သတိပြု**

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၅၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့်နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်...

❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များပေါ်ကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှကောက်နုတ်ချက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မတ် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့်တာဝန်ရှိသူများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

